၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁၆ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၃၁၈)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်နှင့် ဟားခါးမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

## ဟားခါးမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

ဟားခါး ဩဂုတ် ၁၅

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်သို့ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ထန်တလန်နှင့် ဟားခါးမြို့တို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဟားခါးတက္ကသိုလ်ဘွဲ့နှင်းသဘင် တည်ဆောက်နေမှု၊ ဟားခါးမြို့ Cyclone Shelter တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက် ၈ နာရီတွင် ထန်တလန်မြို့ ထန်တလန်နှစ်ခြင်းအသင်းတော်၊ Diamond Jubilee Memorial Hall ၌ ထန်တလန်မြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်အစိုးရ၏ (၄) နှစ်တာကာလအတွင်း အစိုးရနှင့် ပြည်သူ ပူးပေါင်းကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို မြေပြင်တွင် လက်တွေ့မျက်မြင်သိရှိနိုင်ရန်၊ ဆက်သွယ်သွားလာရန် ခက်ခဲသည့် မိုးရာသီကာလတွင် ဒေသခံပြည်သူတို့၏ သွားလာရေးအခက်အခဲများကို သိရှိနိုင်ရန်နှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို ဒေသခံပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါကြောင်း၊ ထိုဖွံ့ဖြိုးတိုးတက်မှုများမှ အချို့ကို ကောက်နုတ်ပြောကြားလိုပါကြောင်း၊ ပထမအချက်မှာ ၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံ၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှုသည် လွန်ခဲ့သည့် ၁၉၃၄ ခုနှစ် နောက်ပိုင်း (၇၃) နှစ်အတွင်း အမြင့်မားဆုံး တင်ပို့ရောင်းချနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဒုတိယသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ၂၀၁၉ ခုနှစ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြန်ဆုံးအဖြစ် UNWTO က သတ်မှတ်ခြင်းခံခဲ့ရပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၄၀ ဒသမ ၂ ရာခိုင်နှုန်းထိ ရှိခဲ့ပါကြောင်း၊ ထိုသို့သော ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဒေသခံပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းများကြောင့်သာ ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ●



- ❖ ၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံ၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှုသည် လွန်ခဲ့သည့် ၁၉၃၄ ခုနှစ် နောက်ပိုင်း (၇၃) နှစ်အတွင်း အမြင့်မားဆုံး တင်ပို့ရောင်းချနိုင်ခဲ့
- ❖ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ၂၀၁၉ ခုနှစ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြန်ဆုံးအဖြစ် UNWTO က သတ်မှတ်ခြင်းခံခဲ့ရ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၄၀ ဒသမ ၂ ရာခိုင်နှုန်းထိရှိခဲ့



# သတိတမံ၊ ဉာဏ်မြေကတုတ်

လူအများစိတ်ဝင်စားကြသည့် အကြောင်းအရာများ (ဝါ) သတင်းများကို ရယူစုဆောင်းပြီး အခကြေးငွေဖြင့် ပြန်လည်ရောင်းချဖြန့်ဖြူးရာမှ သတင်းစာလုပ်ငန်းများ စတင်ခဲ့သည်။ မိမိတို့၏ သတင်းစာများ ရောင်းကောင်းရေးတွင် လူအများစိတ်ဝင်စားကြသည့် သတင်းများပါရှိရေးသည် အဓိကဖြစ်သည့်အလျောက် သတင်းစာထုတ်ဝေသူများ၊ သတင်းစာဆရာများကလည်း ပရိသတ်အကြိုက်လိုက်ကာ ပရိသတ်ဘဝင်ခိုက်မည့်သတင်းမျိုးကို ဦးစားပေးရေးသားသည့် အဝါရောင်သတင်းစာပညာ(Yellow Journalism)လည်း ပေါ်ပေါက်ခဲ့သည်။

အဝါရောင်သတင်းစာပညာ၏အလိုအရ လူဆိုသည်မှာ အထူးအဆန်းသတင်းမျိုးကို ကြိုက်တတ်ကြသည်။ သို့ဖြစ်သောကြောင့် ဒေးလီးမေးလ်နှင့် ဒေးလီးမေရာသတင်းစာတို့၏ပိုင်ရှင် အများကြိုက်သတင်းအတတ်ပညာ ရှေ့ဆောင်ဗြိတိသျှ သူဌေးကြီး လော့ဒ်နော့သ်ကလစ်ဖ် (၁၈၆၅–၁၉၂၂)က "ခွေးက လူကိုကိုက်ခြင်းသည် သတင်းမဟုတ်၊ လူက ခွေးကိုကိုက်ခြင်းသည်သာ သတင်းဖြစ်သည်"ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ၎င်း၏အလိုအရ လူကြိုက်များသည့် သတင်းများ၏ အစီအစဉ်မှာ– (၁)စစ်သတင်း၊ (၂) ရာဇဝတ်မှုသတင်း၊ (၃) မိန်းမကိစ္စသတင်းနှင့် (၄) အားကစားပွဲ၊ မြင်းပွဲ၊ ထီသတင်းများဟုဆိုသည်။ ဤသည်မှာ သူ့ခေတ်သူ့အခါနှင့် သူ့အမြင်ဟုဆိုနိုင်သော်လည်း မျက်မှောက်ခေတ် ပစ္စုပ္ပန်ကာလတွင်လည်း အပြောင်းအလဲအနည်းငယ်မှအပ အဓိကကျောရိုးမှာ လော့ဒ်နော့သ်ကလစ်ဖ်တို့ခေတ်ကနှင့် မကွာခြားလှကြောင်း တွေ့နိုင်သည်။ မီဒီယာပလက်ဖောင်းအနေဖြင့်မူ လူမှုကွန်ရက်များခေတ်သို့ ပြောင်းခဲ့ပြီဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် လူသုံးအများဆုံး လူမှုကွန်ရက်ဖြစ်သည့် ဖေ့စ်ဘွတ်ပေါ်တွင် လူများတုံ့ပြန်မှု အများဆုံးပြုလုပ်ကြသည့် အကြောင်းအရာများကို စေ့ငုကြည့်ပါက လော့ဒ်နော့သ်ကလစ်ဖ်၏ အဆိုနှင့် မနီး ရိုးစွဲပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ စစ်သတင်းအစား ပဋိပက္ခသတင်းများကို လူမှုကွန်ရက်ပေါ်တွင် လူကြည့်အများဆုံး တုံ့ပြန်မှုအများဆုံးဖြစ်သည်ကို တွေ့ရမည်။ လင်မယားရန်ပွဲမှသည် လမ်းပေါ်ထိုးကြိတ်ပွဲ၊ တရားရုံး၌ တရားရင်ဆိုင်ပွဲများအထိ စိတ်ဝင်တစား ဝင်ရောက်ကြည့်ရှုကာ မှတ်ချက်ပေးခြင်း၊ ဝေမျှခြင်းတို့ ပြုကြသည်။ ရာဇဝတ်မှုသတင်း၊ ကာမမှုသတင်းများ စသည်တို့တွင်လည်း ထိုနည်းတူ။ မိန်းမကိစ္စဟုဆိုရာတွင်လည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ ရုပ်သံ၊ ရုပ်ရှင် စသည်တို့တွင် မတွေ့မြင်နိုင်သည့်အရာမျိုးကို လူမှုကွန်ရက်တွင် အလွယ်တကူ ရရှိနိုင်သလို တုံ့ပြန်မှုအမျိုးမျိုးတို့ ဒုနှင့်ဒေး။ သို့ရာတွင် ဖေ့စ်ဘွတ်ပေါ်၌ အလွယ်တကူ ရရှိနိုင်သည့် အကြောင်းအရာနှင့် သတင်းအချက်အလက်များတွင် ပြဿနာများစွာလည်း ရှိနေသည်။

အဓိကအချက်မှာ ဖေ့စ်ဘွတ်တွင် ကျင့်ဝတ်လိုက်နာသည့် ပရော်ဖက်ရှင်နယ်မီဒီယာများရှိသလို သတင်းမီဒီယာ အယောင်ဆောင်ပိတ်ချ်များလည်း များစွာရှိနေခြင်းဖြစ်သည်။ ထို့အပြင် မီဒီယာကျင့်ဝတ်ကို မသိနားမလည်သည့် သာမန်ပြည်သူများက တင်လိုက်သည့် သတင်းအကြောင်းအရာ အဖြစ်အပျက်များလည်း အမြောက်အမြားရှိနေခြင်းကို သတိမူဖို့ဖြစ်သည်။ ပရော်ဖက်ရှင်နယ်မီဒီယာများက တင်လိုက်သည့်သတင်းများကို မိနစ်မဆိုင်း ခိုးယူပြန်တင်ခြင်း၊ သတင်းယောင်သတင်းတုများနှင့် လူစိတ်ဝင်စားအောင် ဆွဲဆောင်ခြင်းတို့ဖြင့် ဖေ့စ်ဘွတ်မှ အကျိုးအမြတ်များစွာရရှိနေသူများရှိနေရာ တရားဝင်သတင်းမီဒီယာများမှာ ဈေးကွက်တွင် အကျဘက်သို့ ယိမ်းယိုင်လာသည်။

၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ဖေ့စ်ဘွတ်သုံးစွဲသူ ၂၂ သန်းရှိသည်ဟု ဆိုသည်။ ဖေ့စ်ဘွတ်ကဲ့သို့သော လူမှုကွန်ရက် မီဒီယာများတွင် အကောင်းရော အဆိုးပါ ဒွန်တွဲနေရာ သုံးစွဲသူများက သတိထားဖို့၊ ဆင်ခြင်ချင့်ချိန်ဖို့ လွန်စွာအရေးကြီးသည်။ သတင်းတု သတင်းယောင်တင်သူများမှာ စီးပွားရေးအရ အကျိုးအမြတ်ရရှိရန်သာမက ပြည်သူလူထုအတွင်း အာရုံထွေပြား ခြောက်ခြားအောင်၊ နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ အမုန်းတရားများ ပြန့်ပွားအောင်၊ ရန်ငြိုးရန်စအာဃာတတို့ ကြီးထွားအောင် စသည်ဖြင့် တို့မီးရှို့မီးများကိုလည်း လူမှုကွန်ရက်မှတစ်ဆင့် ယုတ်ညံ့စွာ ဆောင်ရွက်တတ်ကြသည်ဖြစ်ရာ သတိတမံ ဉာဏ်မြေကတုတ်ပြု၍ ရှောင်ရှားဖော်ထုတ်နိုင်ရေး နှိုးဆော်လိုက်ရပါကြောင်း။ ။

# ပရိယတ္တိစာသင်တိုက်ကြီး သုံးတိုက်သို့ ထာဝရဆွမ်းငွေပဒေသာပင် ငွေကျပ်သိန်း ၅၀ စီ လှူဒါန်း




**မန္တလေး သြဂုတ် ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး သုံးတိုက်သို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စီ စိုက်ထူလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ အောင်မြေသာစည် အလယ်ကျောင်းကြီး၌ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု တွဲဖက်ရွှေကျင်သာသနာပိုင် စည်ရှင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာ ဘိဝံသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်ကြီးထံမှ သြဝါဒခံယူ၍ သာသနာရေးဆိုင်ရာများ ပြန်လည်လျှောက်ထားကာ ဝါဆိုသင်္ကန်းနှင့် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းပြီး အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမ ကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တသုဇနပီယ ထံမှ သြဝါဒခံယူပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းသည်။ ယင်းနောက် ချမ်းမြသာစည်မြို့နယ် ဓမ္မရေဝါဆိုကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလနှင့် ဓမ္မရေ ဒေါက်တာ အရှင်ကုမာရ တို့ထံ ဝါဆိုသင်္ကန်းနှင့် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းပြီး အနုမောဒနာတရားများ နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

ထို့မှတစ်ဆင့် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဇီဝိတဒါန သံဃာ့ဆေးရုံ စီမံခန့်ခွဲမှုဗဟိုကော်မတီ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားကာ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ဆွမ်းပဒေသာပင် ငွေကျပ် ၁၅ သိန်း လှူဒါန်းသည်။ ဆက်လက်၍ ဇီဝိတဒါနသံဃာ့ဆေးရုံ ကျောက်ကပ်ဌာနတွင် ဆေးကုသမှု ခံယူနေသော သံဃာတော်များအား လိုက်လံကြည်ညိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Yangon Book Plaza ၃ နှစ်ပြည့် ဈေးရောင်းပွဲကျင်းပ

**ရန်ကုန် သြဂုတ် ၁၅**

လူငယ်များစာပေကို ချစ်မြတ်နိုးစေရန်၊ စာအုပ်စာပေကို တန်ဖိုးထားတတ်စေရန်၊ စာပေကို ပိုမိုဖတ်ရှုလာစေရန် ရည်ရွယ်ချက်များဖြင့် တည်ထောင်ဖွင့်လှစ်ထားသည့် Yangon Book Plaza ၃ နှစ်ပြည့် စာအုပ်ဈေးရောင်းပွဲကို သြဂုတ် ၈ ရက်မှ ၁၆ ရက်အထိ လမ်းမတော်မြို့နယ် သံဈေးရှိ Yangon Book Plaza တွင် နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ စာအုပ်များကို ဈေးလျှော့ရောင်းခဲ့ကြောင်း သိရသည်။

Yangon Book Plaza တည်ထောင်သူ မြေမှုန်လွင်၏ ပြောကြားချက်အရ စတုရန်းပေ နှစ်သောင်းကျယ်ဝန်းသည့် Yangon Book Plaza တွင် Social Distancing အရ ရွေးချယ်မည့် စာအုပ်များကို နေရာချပြီး စီစဉ်ထားကြောင်း၊ လူအများတိုးဝှေ့၍ ဝယ်ယူရန် မလိုကြောင်း၊ အေးဆေးစွာရွေးချယ်ဝယ်ယူနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

ထိုသို့ဝယ်ယူရာတွင် အရေအတွက်သိန်းချီရှိ စာအုပ်များကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၁၅ – ၂၀– ၂၅ – ၃၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းပေးမည်ဖြစ်ပြီး လာရောက်သူများအဖို့ နှာခေါင်းစည်းတပ်ဆင်လာကြရန်နှင့် မပါရှိပါက အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

Yangon Book Plaza ပွဲတော်ကို နှစ်စဉ်မတ်လတွင် ကျင်းပခဲ့သော်လည်း ယခုနှစ်မတ်လတွင် သံဈေးမီးလောင်မှုဖြစ်ပွားခြင်းနှင့် ကိုဗစ်–၁၉ ရောဂါနှင့် ကြုံတွေ့ရခြင်းတို့ကြောင့် ယခုသြဂုတ်လတွင် ကျင်းပရခြင်းဖြစ်သည်။ ယခင်ပွဲတော်တွင် စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ ထည့်သွင်းကျင်းပသော်လည်း ယခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိကြောင်း သိရသည်။

**အောင်သူရ**

# တရုတ်နိုင်ငံ စီးပွား/ကူးသန်းပညာသင်ဆု မြန်မာကျောင်းသား ကျောင်းသူ ၁၂၉ ဦး ရရှိခဲ့

**ရန်ကုန် သြဂုတ် ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာ့လူ့စွမ်းအား အရင်းအမြစ်ကဏ္ဍအတွက် ပူးပေါင်းကူညီသည့်အနေဖြင့် မြန်မာကျောင်းသား ကျောင်းသူများကို ပညာသင်ဆုများ ပေးအပ်လျက်ရှိရာ ယခု ၂၀၂၀ ပြည့်နှစ် စာရင်းများအရ မြန်မာကျောင်းသား ကျောင်းသူပေါင်း ၁၂၉ ဦးအား ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu ၏ ပြောကြားချက်အရ သိရသည်။



အဆိုပါပညာသင်ဆုနှင့် ပတ်သက်၍ Mr. Tan Shufu က တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၌ ပွင့်လင်းမြင်သာစွာ ကူးလူးဆက်ဆံရေး၊ အပြန်အလှန်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို အစဉ်တစိုက် များစွာအလေးထားကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တရားမျှတခြင်း၊ အားလုံးပါဝင်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်းစသည့် ကမ္ဘာ့ပြည်သူများ၏ ဘုံလိုအင်ဆန္ဒကို ပါဝင်ထောက်ကူနိုင်ရန် ရည်ရွယ်၍ ၎င်းတို့၏ ပညာသင်ဆု ပေးအပ်မှုအစီအစဉ်ကို ထူထောင်ခဲ့ခြင်း ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်းတို့၏ ပညာသင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ကမ္ဘာ့တောင်ဘက်ခြမ်း ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကယ်ဒမီ (Institute of South–South Cooperation and Development)၊ ပီကင်းတက္ကသိုလ်၊ ချင်းဟွာတက္ကသိုလ်၊ ကျုံးစန်းတက္ကသိုလ်နှင့် တရုတ်ပြည်သူ့တက္ကသိုလ် စသည်တို့၌ ပညာများ ဆည်းပူးသင်ကြားစေခဲ့ခြင်း ဖြစ်သည်။

ပညာသင်ဆု ရရှိခဲ့ပြီး မြန်မာကျောင်းသား ကျောင်းသူ ၁၂၉ ဦးအနက် ယခု ၂၀၂၀ ပြည့်နှစ်တွင် ပညာသင်ယူပြီးဆုံး အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား သြဂုတ် ၁၀ ရက်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၌ ဘွဲ့လက်မှတ်များ ပေးအပ်ခဲ့သည်။ ကိုဗစ်–၁၉ ရောဂါကြောင့် တရုတ်နိုင်ငံ ဘွဲ့နှင်းသဘင် အခမ်းအနားများသို့ တက်ရောက်ယူနိုင်ခြင်း မရှိသဖြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ယင်းကဲ့သို့ တစ်ဆင့် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်

**နေပြည်တော် သြဂုတ် ၁၅**

ရန်ကုန်မြို့နှင့် နေပြည်တော်အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

●ရွှေ့ဖုံးမှ

နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ဖြစ်ထွန်းရေးအတွက် ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်ခြင်း ရလဒ်ကောင်းများကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကောင်းဆုံးကာကွယ် ထိန်းချုပ်မှု စံပြအဖြစ် ကမ္ဘာက အသိအမှတ်ပြုထားပါကြောင်း။

## အခွင့်အရေးတစ်ရပ်ဖြစ်

အသက် ၁၈ နှစ်ပြည့်ပြီး ငါးနှစ်လျှင် တစ်ကြိမ်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးသည် နိုင်ငံသားတိုင်းအတွက် များစွာတန်ဖိုးရှိသည့် အခွင့်အရေးတစ်ရပ် ဖြစ်ပါကြောင်း၊ အဆိုပါ အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမှု မရှိစေလိုပါကြောင်း၊ မဲစာရင်းများ မှန်ကန်ရေးသည် အရေးကြီးပြီး အချို့နေရာများတွင် မဲစာရင်းမှားယွင်းမှုများရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအနေဖြင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ ကျင့်သုံးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်ရေးအတွက် ချင်းပြည်နယ်၏ တောတောင်ရေမြေသဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး ဈေးကွက်ဝင်ပစ္စည်းအမည်ဖြစ်သည့် “ဂ”ဥ စိုက်ပျိုးထုတ်လုပ်ခြင်းကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

## ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့မိမြို့ဖ ဦးငွန်ဟရမ်းနှင့် ဦးရှန်ဇဲလ်တို့က ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များဖြစ်သည့် ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက် ဘောလုံးကွင်းမြောက်ဘက်ခြမ်း မြေထိန်းနံရံနှင့် မြို့ရှောင်လမ်း ပြိုကျခြင်းကို အမြန်ပြုပြင်ပေးနိုင်ရေး၊ “ဂ”ဥ စက်ရုံ တည်ဆောက်ပေးနိုင်ရေး၊ တယ်လီဖုန်းဆက်သွယ်ရေး ခက်ခဲသည့် ကျေးရွာ ၁၂ ရွာအတွက် တာဝါတိုင်စိုက်ထူပေးနိုင်ရေး၊ ကျေးရွာ၁၈ ရွာကို ကျေးရွာ အုပ်စုအဖြစ်တိုးချဲ့နိုင်ရေး၊ လျှပ်စစ်မီးမရရှိသေးသည့် အထက်တန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာန တည်ရှိသည့်ကျေးရွာများကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားသွယ်တန်းပေးနိုင်ရေး၊ ဘွေနူးမြစ်ကူးတံတားတည်ဆောက်ပေးနိုင်ရေး၊ ထန်တလန်မြို့တော်ခန်းမအသစ် ဆောက်လုပ်ပေးနိုင်ရေးနှင့် ထန်တလန်မြို့ ရေပေးဝေရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဦးခင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီး ဦးစိုးထက်၊ ဦးရွှေထီးအိုးနှင့် အမြဲတမ်းအတွင်းဝန် ဦးရွှေလေးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

## ထောက်ပံ့ငွေများ ပေးအပ်

ထို့နောက် ဒုတိယသမ္မတက ကိုဗစ်-၁၉ ကာလတွင် ပါဝင် ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းပရဟိတအဖွဲ့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်ဝန်ကြီး ဦးဖွေအားတို့က ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန သစ္စာစီမံချက်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ထန်တလန်မြို့နယ် ခွာဟရန်၊ မှောင်တလန်၊ တလန်ပီးနှင့် အိုင်ဘူရ်ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၃၀၂ ဦးကို ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစိုးရနည်းပညာ အထက်တန်းကျောင်း (ထန်တလန်)ကို အစိုးရနည်းပညာနှင့် သက်မွေးပညာသိပ္ပံ (ထန်တလန်)အဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်မည်ဖြစ်၍ ဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက်နေကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သဘာဝဘေးဒဏ်ကြောင့် ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက် မြောက်ဘက်ခြမ်း မြေထိန်းနံရံမြေပြိုခြင်းနှင့် မြို့ရှောင်လမ်း၊ လမ်းသားပြတ်ကျသည့်နေရာအား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးနှင့် ညွှန်ကြားရေးမှူး ဦးဆန်းလွင်ဦးတို့က ထန်တလန်မြို့ပတ်လမ်းဆိုင်ရာ အချက်အလက်များ၊ သဘာဝဘေးဒဏ်ကြောင့် မြေပြိုကျမှု၊ လမ်းပြတ်ကျသည့်နေရာအား ယာယီပြန်လည်ပြင်ဆင်မည့် အဆိုပြုပုံစံတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ မြေထိန်းနံရံနှင့် လမ်းသားပြတ်ကျမှုတို့သည် ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီခွဲက ထန်တလန်မြို့တွင် မိုးရေချိန် ၂ ဒသမ ၁ လက်မရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယခု လမ်းတာပေါင်အသစ် ပြန်တင်ဆဲဖြစ်ကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထန်တလန်မြို့မှ ဟားခါးမြို့သို့ ရောက်ရှိကြပြီး ဟားခါးတက္ကသိုလ်မုခ်ဦး တည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးတို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဟားခါးကောလိပ်ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ အမြဲတမ်းအတွင်းဝန် ဦးရွှေလေး၊ အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးနှင့် တာဝန်ရှိသူများက ဟားခါးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆိုင်ရာများ၊ တည်ဆောက်ပြီးစီးမှုများ၊ ဆက်လက်တည်ဆောက်သွားမည့် အစီအမံများ၊ ဟားခါးပညာ့ရိပ်သာအိမ်ရာဝင်း တည်ဆောက်မှုများ၊ ကောလိပ်တိုးချဲ့မြေရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

## လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဟားခါးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နေမှုနှင့် ဟားခါးပညာ့ရိပ်သာ အိမ်ရာဝင်းတည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘွဲ့နှင်းသဘင်ခန်းမသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး စီမံကိန်းတန်ဖိုးငွေကျပ် ၉၃၃၁ ဒသမ ၁၉၄ သန်းဖြစ်ပြီး တည်ဆောက်ပြီးစီးမှု ၇၅ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ဟားခါးမြို့ Multi Purpose Cyclone Shelter ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် ညွှန်ကြားရေးမှူး ဦးမင်းသိန်းတို့က Multi Purpose Cyclone Shelter တည်ဆောက်ပြီးစီးမှု၊ Cyclone Shelter ဆပ်စပ်လုပ်ငန်းများ၊ Cyclone Shelter ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် Multi Purpose Cyclone Shelter အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ဆောင်သစ် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလေးမြင့်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ (၃)ထပ်ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ ခွင့်ပြုရန်ပုံငွေကျပ် ၅၇၆ ဒသမ ၆၅၂ သန်းဖြစ်ကြောင်း သိရသည်။

## တွေ့ဆုံ

ယင်းနောက် ဒုတိယသမ္မတသည် ဟားခါးမြို့ ဗိုလ်တိုက်ချွန်းခန်းမ၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်အစိုးရ၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို လက်တွေ့မျက်မြင်သိရှိနိုင်ရန်၊ ဒေသခံပြည်သူတို့၏ ဆက်သွယ်သွားလာရေး အခက်အခဲများကို သိရှိနိုင်ရန်နှင့် ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဒေသခံပြည်သူများထံမှ တိုက်ရိုက်မြင်တွေ့ကြားသိနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်လာသည်ကို မည်သူမျှ ငြင်းကွယ်၍မရပါကြောင်း၊ အတိုင်းအတာတစ်ခုအထိ တိုးတက်ပြောင်းလဲခဲ့ပါကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် အသက် ၁၈ နှစ်ပြည့်ပြီး (၅) နှစ်ပြည့်လျှင် တစ်ကြိမ်သာ ရရှိသည့် ဆန္ဒမဲပေးခွင့် အခွင့်အရေးကို မဆုံးရှုံးစေလိုပါကြောင်း၊ ရာနှုန်းပြည့် ဆန္ဒမဲပေးနိုင်ရေးသည် အရေးကြီးပါကြောင်း၊ သက်ဆိုင်ရာဌာနများသို့ လမ်းညွှန်ချက်များ ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် စည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

## ထောက်ပံ့ပေးအပ်မည်

ကိုဗစ် – ၁၉ စီးပွားရေးကုသမှုအစီအစဉ်တွင် ပါရှိသည့် ပန်းတိုင်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ကိုဗစ်– ၁၉ ကာလအတွင်း မသန်စွမ်းသူများအတွက် ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာအရ မသန်စွမ်းသူဦးရေ နှစ်သိန်းကို သုံးသောင်းကျပ်နှုန်းစီ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခု ချင်းပြည်နယ်ရှိ မသန်စွမ်းသူများကို ထောက်ပံ့မည့်စာရင်းတွင် ကနဦးထောက်ပံ့ပြီးသူ ၂၆၉၁ ဦး ရှိပြီး ထောက်ပံ့ရန်ကျန်သူဦးရေ ၆၁၃၀ ရှိသည့်အတွက် ၎င်းတို့ကိုလည်း တစ်ဦးလျှင် ငွေကျပ် သုံးသောင်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၈၃၉ သိန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ကြေးငွေ တစ်ဦးလျှင် သုံးသောင်းကျပ်နှုန်းစီ တစ်ကြိမ် ထောက်ပံ့ပေးအပ်

စာမျက်နှာ ၄ သို့




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**“ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် အသက် ၁၈ နှစ်ပြည့်ပြီး (၅)နှစ်ပြည့်လျှင် တစ်ကြိမ်သာရရှိသည့် ဆန္ဒမဲပေးခွင့် အခွင့်အရေးကို မဆုံးရှုံးစေလို၊ ရာနှုန်းပြည့် ဆန္ဒမဲပေးနိုင်ရေးသည် အရေးကြီး၊ သက်ဆိုင်ရာဌာနများသို့ လမ်းညွှန်ချက်များ ပေးပို့ထားပြီးဖြစ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလို”**

*စာမျက်နှာ ၃ မှ*

သွားမည်ဖြစ်ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက် ကလေးများအား ၂၀၁၇ ခုနှစ်မှစ၍ ချင်းပြည်နယ်၊ နာဂဒေသနှင့် ရခိုင်ပြည်နယ်၊ ၂၀၁၉ ခုနှစ်တွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်၊ ၂၀၂၀ ပြည့်နှစ်တွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လစဉ်ငွေကျပ် ၁၅၀၀၀ နှုန်း ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ လူမှုရေးပင်စင်ထောက်ပံ့ခြင်းကို ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အသက် (၉၀) နှစ်အထက်၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် အသက် (၈၅) နှစ်အထက် တစ်ဦးလျှင် တစ်လ တစ်သောင်းကျပ်နှုန်းဖြင့် လစဉ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရန် ရေးရှုကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး လုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

### မေးမြန်းချက်များ ပြန်လည်ရှင်းလင်း

ထို့နောက် ဟားခါးမြို့ မြို့မိမြို့ဖဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် ဟားခါး - မတူပီလမ်းပေါ်၌ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးနိုင်ရေး၊ မြို့တော်ခန်းမအသစ် တည်ဆောက်ပေးနိုင်ရေး၊ ဟားခါး ခုတင် ၂၀၀ ဆေးရုံကို ခုတင် ၅၀၀ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ဆေးရုံကြီးရှိ ဓာတ်မှန်ဌာနအား တိုးချဲ့ဆောင်သို့ ပြောင်းရွှေ့ပေးနိုင်ရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်သတ်မှတ်နိုင်ရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် သတ်မှတ်ပေးနိုင်ရေး၊ ဟားခါးထာရ်(၂) ရပ်ကွက် ဘောလုံးကွင်းအား စံချိန်မီဘောလုံးကွင်းအဖြစ် တည်ဆောက်ပေးနိုင်ရေး၊ ဟားခါးမြို့ပေါ် ချောင်းများအား ကျောက်စီနံရံနှင့် ရေမြောင်းများ တည်ဆောက်ပေးနိုင်ရေး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဗန်ကုလ်ကျောင်းဆောင်အား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရေး၊ အမာခံလမ်းများ ခင်းပေးနိုင်ရေးတို့ကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဦးစိုးထက်၊ ဦးပေါင်လွန်းမင်ထန်၊ ဦးရွှေထီးအိုးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သဘာဝဘေးဒဏ်ကြောင့် ထန်တလန်မြို့ မြို့ရှောင်လမ်း လမ်းသားပြတ်ကျသည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတသည် ဟားခါးမြို့ရှိ ထောက်ပံ့ပေးရန်ကျန်ရှိသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

### ထောက်ပံ့ငွေများ ပေးအပ်

ဆက်လက်၍ ကိုဗစ်-၁၉ ကာလတွင်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့နှင့် ဟားခါးခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်နှင့် ပြည်နယ်ဝန်ကြီး ဦးဖွေအားတို့က ဟားခါးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ကြသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သစ္စာစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ဟားခါးမြို့ မြို့သစ်ရပ်ကွက်၊ ဟားခါးထာရ်(၁)၊ (၂) ရပ်ကွက်၊ ချွန်ကျုံး၊ နီဂရ်လော၊ ဟဇုန်ဟရိန်၊ ဘွာလ်တပ်၊ ဟိုင်ဖိုင်၊ ဘုံသွ၊ ဘီဖူးလ်နှင့် ရင်ယီးရင်သဲ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၃၄၆ ဦးကို ပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧပြီ ၁၆ ရက်က လျှပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ကျောင်းအုတ်နံရံများ ပြိုကျခဲ့သည့် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ အန္တရာယ်ရှိကျောင်းဆောင်အား ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး ဦးဇျက်ကျုံးက အဆောက်အအုံအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### တွေ့ဆုံ

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဟားခါးမြို့ပြည်ထောင်စုရိပ်သာ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း စက္ကူစက်ရုံ(ရေနီ)နှင့် သာဂရစက်မှုနယ်မြေတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၅

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ)နှင့် သာဂရစက်မှု နယ်မြေတို့ကို ကြည့်ရှုစစ်ဆေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း Lat War Co., Ltd.၏ အထည်ချုပ်လုပ်ငန်းမှ ထုတ်လုပ်သည့် အထည်များအား ကြည့်ရှုစဉ်။ သတင်းစဉ်

ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စက်ရုံဆိုင်ရာ အချက်အလက်များ၊ စက်ရုံငှားရမ်းခဲ့သည့် အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ဝန်ထမ်းအင်အားတို့ကို လည်းကောင်း၊ Lat War Co., Ltd. နှင့် Best Eternity Recycle Pulp and Paper Co,.Ltd တာဝန်ရှိသူများက လက်ရှိ စက်ရပ်နားထားမှု၊ စက်ပြန်လည် လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ Wet Pulp မှ Dry Pulp သို့ ပြောင်းလဲထုတ်လုပ်နိုင်ရေးအတွက် ထပ်မံရင်းနှီးတိုးချဲ့ ဆောင်ရွက်မည့်အခြေအနေ၊ Tissue နှင့် Kraft Pulp တိုးချဲ့ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို အသေးစိတ်မေးမြန်း၍ လိုအပ်သည်များ မှာကြားသည်။

### အခွင့်အလမ်းများ ပိုမိုရရှိမည်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကသို့လွှဲပြောင်းလုပ်ကိုင်စေခြင်း (Privatization)၊ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership – PPP)၊ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း (Joint Venture – JV) စသည့် နည်းလမ်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူအများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ပြီး တိုင်းပြည် ဝင်ငွေလည်း တိုးတက်မည်ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့မည့် ပျော့ဖတ်များကိုလည်း စနစ်တကျထုပ်ပိုးရမည်ဖြစ်ကြောင်း၊ Waste water များကိုလည်း စနစ်တကျသန့်စင်ပြီးမှသာ စွန့်ပစ်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံငှားရမ်းထားသည့် ကုမ္ပဏီအနေဖြင့် နိုင်ငံတော်မှ သတ်မှတ်ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံငှားရမ်းထားသည့် ကုမ္ပဏီအနေဖြင့် ရရှိသည့် အမြတ်အစွန်းအချို့ကို ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် စက်ရုံအနီးပတ်ဝန်းကျင်အတွက် လူမှုရေးတာဝန်သိမှု (CSR)လုပ်ငန်းများ ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာဆူးမက်(စ်) ဝင်းဝင်းအထည်ချုပ် Co.,Ltd နှင့် Bago Young Clothing Ltd တို့၏ CMP စနစ်ဖြင့် ဆောင်ရွက်နေသော အထည်ချုပ်လုပ်ငန်းများကို လည်းကောင်း၊ ပြည်ပသို့တင်ပို့ရန် ချုပ်လုပ်နေသော Primark (UK) တံဆိပ် Woven Jacket, T–Shirt, Polo Shirt, Short Pant များ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

### ဖြည့်စွက်ရှင်းလင်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သာဂရစက်မှု နယ်မြေသို့ ရောက်ရှိရာ အမှတ်(၁၄) အကြီးစားစက်ရုံနှင့် အမှတ်(၁၅) အကြီးစားစက်ရုံ စက်ရုံမှူးများက စက်ရုံသမိုင်းအကျဉ်း၊ ထုတ်ကုန်အမျိုးအစားများ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ဝန်ထမ်းအင်အားတို့ကို လည်းကောင်း၊ အမှတ်(၃) စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာကိစ္စရပ်များ၊ ကာလတိုသင်တန်းများ၊ စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများ ဖွင့်လှစ်ခဲ့မှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ အမှတ်(၁၄) အကြီးစားစက်ရုံအနေဖြင့် ထုတ်လုပ်ထားရှိသော 6v,8v,12v အင်ဂျင်များကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အမြန်ဆုံးရောင်းချနိုင်ရေး စီမံဆောင်ရွက်ရန်၊ မြန်မာ့မီးရထားသို့ ရောင်းချထားသော အင်ဂျင်ကိုးလုံးအား လိုအပ်သည်များကို အမြန်ဆုံးစစ်ဆေး ပြုပြင်ပေးရန်၊ သင်တန်းကျောင်းအနေဖြင့် သင်တန်းသားများအား အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် ပိုမိုလက်ခံသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဘာသာရပ်တစ်ခုစီတွင် သင်တန်းသား ၃၀ စီ လက်ခံသင်ကြားပေးနေရာမှ ၅၀ အထိ တိုးချဲ့သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ သင်တန်းသားများအား Certificate ပေးနေရာမှ Diploma လက်မှတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က Certificate မှ Diploma လက်မှတ် တိုးမြှင့်ချီးမြှင့်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက် ထားရှိမှုတို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ရုပ်/သံ မီဒီယာများ နှင့် ရုပ်ရှင်ရုံများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

### ကြိုတင်ဆွေးနွေး စီစဉ်ခဲ့

ရှေးဦးစွာ မြန်မာ့ရုပ်ရှင် ရာပြည့် အခမ်းအနား ကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး အတွက် ပြီးခဲ့သည့်နှစ် မေလကပင် ကြိုတင်ဆွေးနွေး စီစဉ်ခဲ့ကြပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ကြောင့် လုပ်ငန်းများ ဆောင်ရွက် ရာတွင် ကန့်သတ်ချက်များ ရှိနေပါ ကြောင်း၊ သို့ရာတွင် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် အခမ်းအနား ကို အောက်တိုဘာ ၁၃ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက ထုတ်ပြန်ထားသည့်စည်းကမ်း ချက်များနှင့်အညီ ကျင်းပရန် လျာထား ပါကြောင်း၊ ထိုသို့ ကျင်းပပြုလုပ်နိုင်ရန် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ယခုတက်ရောက်လာကြသည့် မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယက ကြီးများ၊ တာဝန်ရှိသူများက ဝိုင်းဝန်း ဆွေးနွေး အကြံပြုကြစေလိုကြောင်း၊ ပွဲတော်ကျင်းပရေးနှင့် ပတ်သက် ၍ သက်ဆိုင်ရာ ဆပ်ကော်မတီများ ဖွဲ့စည်းပေးထားပြီးဖြစ်သဖြင့် မိမိတို့ ကဏ္ဍအလိုက် ဆောင်ရွက်ကြမည့် အစီအစဉ်များကို တိတိကျကျ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဆပ်ကော်မတီ များနှင့် လုပ်ငန်းကော်မတီ၊ ဦးစီး ကော်မတီတို့ ချိတ်ဆက်ဆောင်ရွက် နိုင်ရန် လုပ်ငန်းအဖွဲ့တစ်ခု ဖွဲ့စည်း ပြီး အသေးစိတ်ဆွေးနွေး ညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ် ပါကြောင်း ဆွေးနွေးပြောကြား သည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနား ကျင်းပရေး ဦးစီး ကော်မတီအတွင်းရေးမှူး ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေး ကြွယ်က မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်း အနားကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက် ထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် တိုင်းဒေသကြီး စည်ပင် သာယာရေးဝန်ကြီး ဦးမောင် မောင်စိုး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်း အရုံးနာယက ဦးကြည်စိုးထွန်း၊ ဦးအောင်လွင်၊ ဦးနှင်းမိုး၊ ဦးအောင် မြင့်မြတ်နှင့် ဦးစိုးမိုး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူး များ၊ တက်ရောက်လာကြသည့် ရုပ်သံလွှင့်ဌာနများမှ တာဝန်ရှိသူများ က မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်း အမှတ် အခမ်းအနား ကျင်းပရေး ဆိုင်ရာ ကိစ္စရပ်များ၊ ရှေးဟောင်း သမိုင်းဝင် ရုပ်ရှင်ဇာတ်ကားများ ပြသရေးဆိုင်ရာကိစ္စများ၊ စာတမ်း ဖတ်ကြားရေး၊ ရာပြည့်မဂ္ဂဇင်း ထုတ်ဝေရေး၊ ပြခန်းများ ခင်းကျင်း ပြသရေး၊ စည်းရုံးလှုံ့ဆော်ရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ကြသည်။

### ဖြည့်စွက်ဆွေးနွေး

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြား သည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဩဂုတ်လ ၁၅ ရက်(စနေနေ့)တွင် ထုတ်ဝေသည့် ရွှေသွေးဂျာနယ်တွင် မိကျောင်းအတုကို အစစ်မှတ်၍ သေနတ်ဖြင့် ပစ်မိပုံအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းစိုးစံ၏ "ဖိုးချွန်း၊ ဝိတ်ပေါ ပါဝင်သည့် သိမှ မသိဘဲဟာကို" မျက်နှာဖုံးကာတွန်း၊ မြေအောက်ရေ အကြောင်း၊ မြေအောက်ရေ၏ အသုံးဝင်ပုံနှင့် မြေအောက်ရေထိန်းသိမ်းရေးဆိုင်ရာ အချက်များ အကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မြေအောက်ရေ"သုတဆောင်းပါး၊ အခက်အခဲဖြစ်ချိန် တွင် အချင်းချင်းကူညီရိုင်းပင်းကာ တစ်ဦး၏စေတနာ ကို တစ်ဦးက လေးစားမြတ်နိုး တန်ဖိုးထားတတ်ပုံ အကြောင်းကို ရေးဖွဲ့ထားသည့် "ပုပုပါဝင်သည့် စေတနာရောင်ပြန် ဘိန်းမုန့်"နှစ်မျက်နှာကာတွန်း၊ အသွင်မတူ ကွဲပြားမှုများရှိသော်လည်း အမုန်းတရား မထားဘဲ အချင်းချင်း ချစ်ခင်ကြင်နာစွာဖြင့် မေတ္တာ တရားများ ပွားများနိုင်ခြင်းကြောင့် အခက်အခဲကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "အသွင်မတူ ချစ်ကြည်ဖြူ" ပုံပြင်ကဏ္ဍ အပါအဝင် ရွှေသွေး အင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ၊ မှတ်စရာများ ပါရှိကြောင်း သိရသည်။ **သတင်းစဉ်**




## ဖျာပုံ၌ အခြေခံအိမ်ထောင်စု သုံးသောင်းကျော်အား ထောက်ပံ့ငွေပေးအပ်

**ဖျာပုံ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အတွင်းရှိ ပုံမှန်ဝင်ငွေ မရှိသည့် အခြေခံ အိမ်ထောင်စုဝင်များအား ဒုတိယအကြိမ် ထောက်ပံ့ငွေ လွှဲပြောင်းပေးအပ်ခြင်း အစီအစဉ် ကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ် သည်။

### စနစ်တကျပေးအပ်

အခမ်းအနားတွင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်း ထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး က ရပ်/ကျေးတာဝန်ရှိသူများ အနေ ဖြင့် နိုင်ငံတော်မှ ထောက်ပံ့သည့် ငွေများအား အခြေခံအိမ်ထောင်စု များ လက်ဝယ်အရောက် အမြန်ဆုံး စနစ်တကျပေးအပ်ကြရန် မှာကြား သည်။



ထို့နောက် နိုင်ငံတော်က ထောက်ပံ့သည့်ငွေများအား ဖျာပုံ မြို့နယ် ကိုဗစ်-၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး များနှင့် ရပ်/ကျေး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီဝင်များထံသို့ လွှဲပြောင်း ပေးအပ်သည်။

ယခု ဒုတိယအကြိမ်အဖြစ် ဖျာပုံ မြို့နယ်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၃၉၀ အား တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ် ခြင်းဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ကျိုက်ထို၌ ဖွင့်လှစ်

**ကျိုက်ထို ဩဂုတ် ၁၅**

ကျိုက်ထိုမြို့နယ် အမှတ်(၈၃) စက်မှု လယ်ယာဦးစီးဌာန၌ လယ်ယာသုံး စက်ကိရိယာမောင်းနှင်မှု အခြေခံ သင်တန်း အမှတ်စဉ်(၁/၂၀၂၀)ကို ယမန်နေ့က ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးဝင်းဗိုလ် က အမှာစကားပြောကြားပြီး အမှတ် (၈၃)စက်မှုလယ်ယာ ဦးစီးဌာန မြို့နယ် ဦးစီးဌာနမှူး ဦးထွန်းထွန်း ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ပြီး နည်းပြ ရှစ်ဦးက လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ကောက်ရိတ်စက်၊ စပါးရိတ်သိမ်း ခြွေလှေ့စက် စသည့်လယ်ယာသုံး စက်ကိရိယာ မောင်းနှင်မှုနှင့် ထိန်းသိမ်း ကြံ့ခိုင်မှုဆိုင်ရာများအပြင် တွဲဖက်သုံး စက်ကိရိယာများ၏ အသုံးပြုမှုများကို ၁၂ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရှေးဟောင်းသမိုင်းဝင် သီပေါ ပေါ်ကြိုဘုရားကြီး၌ ရဲတပ်ဖွဲ့ဝင်နှင့်မိသားစုများ သန့်ရှင်းရေးဆောင်ရွက်

**သီပေါ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ပရိဝုဏ်အတွင်း ယနေ့နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဖြိုးဝေ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများနှင့်မိသားစုဝင်များ ဘုရားကြီးရင်ပြင်တော် အပူခံကျောက်ပြားများကို ပွက်တိုက်ဆေးကြောခြင်းနှင့် သန့်ရှင်းရေးလုပ်အားဒါနပြုကြသည်။

ဆက်လက်၍ အများပြည်သူတို့နှင့်ပတ်သက်သည့် ပြည်သူ့ဆေးရုံ၊ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများသို့လည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အပတ်စဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဖြိုးဝေက ပြောသည်။ **စိုင်း(သီပေါ)**

# ကိုဗစ်-၁၉ ကပ်ရောဂါကာလမှာ ဘယ်လိုနေထိုင်သွားကြမလဲ

ဝင်းသူအောင်(သုတေသန)

**ယနေ့အချိန်အခါသမယသည် ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့မှုနှုန်းမြန်ဆန်ပြီး သေဆုံးမှုနှုန်း မြင့်တက်လာသော ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ (ကိုဗစ်-၁၉ ) ဖြစ်ပွားနေသည့်အတွက် အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက အိမ်မှာနေခြင်း(Stay at Home)ဖြင့် ကပ်ရောဂါဆိုးကြီးအန္တရာယ်မှ ကာကွယ်ကြရန် ကြေညာစာထုတ်ပြန်ခြင်းဖြင့်တစ်မျိုး၊ ရုပ်သံထုတ်လွှင့်မှုဖြင့်တစ်ဖုံ တိုက်တွန်းနှိုးဆော်မှုများ အမျိုးမျိုးအဖုံဖုံ ပြုလုပ်ထားသော ကာလဖြစ်သည်။**

**မိသားစုနှင့်နွေးထွေးစွာနေထိုင်ခြင်း**

နွေးထွေးသည့်မေတ္တာဓာတ်ကို စစ်မှန်သောမိသားစုမှသာ ရရှိနိုင်မည် ဆိုသည့်အတိုင်း အားလပ်ချိန်ကို အကောင်းဆုံးအသုံးချနည်းမှာ မိမိတို့၏ မိသားစုများနှင့် နွေးထွေးစွာနေထိုင်ခြင်း ဖြစ်သည်။ ငွေကြေးပြည့်စုံနေသော်လည်း မိမိတို့၏ လုပ်ငန်းကိစ္စများ အောင်မြင်စေရေးအတွက်သာ ရှေးရှု၍ သား၊ မယားကို အချိန်မပေးနိုင်သောကြောင့် မိသားစုဝင်များအကြား တစ်ဦးနှင့်တစ်ဦးဆက်ဆံရေး အေးစက်စက်နိုင်လွန်းလှသည့် မိသားစုများ ဒုနဲ့ဒေး ရှိနေပါသည်။ အထူးသဖြင့် ပညာပေးဇာတ်လမ်းတစ်ခုတွင် ဖော်ပြခဲ့သည့်အတိုင်း သားသမီးများက ဖခင်နှင့်နွေးထွေးသည့်ဆက်ဆံရေးရရှိရန် ဖခင်ဖြစ်သူ၏ အချိန်ကို ဝယ်ယူရလောက်သည်အထိ ဆက်ဆံရေးကင်းကွာနေသော မိသားစုများ ဖြစ်သည်။

အလားတူ ငွေကြေးအားဖြင့် မပြည့်စုံသော်လည်း ပျော်ရွှင်ချမ်းမြေ့ဖွယ် မိသားစုတစ်ခုကို တည်ထောင်ထားနိုင်သူများလည်း တွေ့မြင်ရသည်။ မည်သို့ပင်ဆိုစေကာမူ ယခုလိုကာလမျိုးတွင် ဆက်ဆံရေးအေးစက်နေသော မိသားစုများအတွက်သာမက ပျော်ရွှင်ချမ်းမြေ့ဖွယ် မိသားစုဘဝတစ်ခုကို ပိုင်ဆိုင်ထားသူများအတွက်ပါ အားလပ်ချိန်များကို လက်မလွှတ်တမ်း အကျိုးရှိရှိ အသုံးချ၍ နွေးထွေးသည့် မိသားစုဘဝများ တည်ဆောက်သွားသင့်ပါသည်။

**စာအုပ်စာပေဖတ်ရှုခြင်း**

စာအုပ်စာပေလူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ စသည်ဖြင့် စာပေဖတ်ရှုလေ့လာခြင်းနှင့်ပတ်သက်သည့် မြန်မာဆိုရိုးစကားများ၊ စကားပုံများအတိုင်း လူကြီး၊ လူငယ်မရွေး စာဖတ်သည့်အလေ့အထကောင်းကို မွေးမြူသင့်ပါသည်။ အကျိုးပြုစာအုပ်စာပေများသည် စိတ်ခွန်အားများ၊ တန်ဖိုးမဖြတ်နိုင်သော အသိပညာဗဟုသုတများရရှိစေပြီး မိမိတို့ကြုံတွေ့လာရမည့် အခက်အခဲပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးနှင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် အောင်မြင်မှုဆွတ်ခူးနိုင်သည်အထိ အစွမ်းထက်လှပါသည်။

စာပေဖတ်ရှုခြင်းဖြင့် စိတ်ခွန်အားကြီးမားလာမှုနှင့် အတွေးအခေါ် ဗဟုသုတများ ရင့်သန်လာမှုတို့ကြောင့် အကျိုး၊ အကြောင်း၊ အဆိုး၊ အကောင်းနှင့် အမှား၊ အမှန်တို့ကို ဝေဖန်ပိုင်းခြားသိမြင်လာမည်ဖြစ်ပါသည်။ စာမဖတ်သူနှင့် စာဖတ်သူ ကွာခြားသွားသည့်အချက်မှာ စာဖတ်သူများသည် ယေဘုယျအားဖြင့် အသိပညာဗဟုသုတမြင့်မားပြီး ကိုယ်ပိုင်အရည်အချင်း၊ အရည်အသွေးပိုင်းတွင် စာမဖတ်သူများထက် အစဉ်အမြဲ သာလွန်နေမည်သာ ဖြစ်သည်။

ယနေ့ခေတ်ကာလတွင် ပုံနှိပ်ထုတ်ဝေသည့် မီဒီယာများဖြစ်သော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများအပြင် အွန်လိုင်းမီဒီယာများပါ အမြောက်အမြား ပေါ်ထွက်လာလျက်ရှိမှုကြောင့် လူတိုင်းကိုယ်စီ မိမိတို့ကျင်လည်နေရသော လုပ်ငန်းနယ်ပယ်အလိုက် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုနိုင်သည့် အခွင့်အလမ်းကြီးမားလာကြပြီဖြစ်သည်။ စာရေးသူဆိုလျှင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ယူထားသည့် စစ်မှုထမ်းတစ်ဦးဖြစ်သည်နှင့်အညီ ယခု အားလပ်ချိန်ကာလအတွင်း စစ်ဘက်ခေါင်းဆောင်မှုနှင့်ပတ်သက်သော



စာအုပ်စာပေများ၊ စစ်ရေးသတင်းများအပြင် အခြားပြည်တွင်းရေးနှင့် နိုင်ငံတကာ ရေးရာ စာပေများကို အများဆုံး ရွေးချယ်ဖတ်ရှု၍ ဝမ်းစာဖြည့်ရင်းဖြင့် အချိန်ကုန်လျက်ရှိသည်။

အလားတူ ယခုအားလပ်ချိန်ကာလအတွင်း လူတိုင်းကိုယ်စီ အပြုသဘောဆောင်သော စာပေများ၊ စိတ်ခွန်အားဖြစ်စေမည့် စာပေများကို ရွေးချယ်ဖတ်ရှုခြင်းဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးချသွားသင့်ပါသည်။

**တရားဓမ္မများဖြင့် မွေ့လျော်ခြင်း**

တရားဓမ္မဟုဆိုရာတွင် အဓိကအားဖြင့် တရားထိုင်ခြင်းကို များများ ပြုလုပ်ပေးစေလိုပါသည်။ တရားထိုင်ခြင်းဖြင့် စိုးရိမ်ပူပန်မှု၊ စိတ်ဓာတ်ကျဆင်းမှုနှင့် စိတ်ဖိစီးမှုတို့ကို လျော့ကျစေမည့်အပြင် အာရုံစိုက်နိုင်စွမ်းနှင့် သိမြင်နိုင်စွမ်းများကိုလည်း ထက်မြက်တိုးတက်လာစေမည်ဖြစ်ပါသည်။ အချိန်ကြာမြင့်စွာ တရားထိုင်သော အလေ့အထသည် နာ့ဗ်ကြောဆက်များကို လှုံ့ဆော်ပေးသည့်အပြင် ကာလရှည်စိတ်ဖိစီးမှုကြောင့် ဖြစ်ပေါ်နေသော ကိုယ်ခံအားကျဆင်းမှုများကို လျှော့ချပေးသည့်အတွက် ထုံထိုင်းပြီး အကြံတုံးဉာဏ်တုံးဖြစ်နေခြင်းကိုလည်း လျော့ပါးသက်သာစေမည်ဖြစ်သည်။

ဒါတင်မကသေးဘဲ တရားထိုင်ခြင်းဖြင့် အာရုံစိုက်နိုင်စွမ်းနှင့် မှတ်ဉာဏ်များကို ကောင်းမွန်စေနိုင်သည့်အပြင် မျိုးရိုးဗီဇအရ ဖြစ်တည်နေသော မကောင်းသည့် စိတ်နေစိတ်ထားများကိုလည်း သိသိသာသာ ပြောင်းလဲစေပြီး စိတ်ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။ ထို့ကြောင့် ယခုလို အားလပ်ချိန်ကာလအတွင်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော တရားဓမ္မများ ရွတ်ဖတ်ပူဇော်ခြင်းနှင့် တရားထိုင်ခြင်း တို့ဖြင့် အချိန်ကိုအကျိုးရှိရှိအသုံးချသွားသင့်ပါသည်။

**လေ့ကျင့်ခန်းပြုလုပ်ခြင်း**

ရက်သတ္တပတ်လျှင် လေးကြိမ် ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်သူများသည် လေ့ကျင့်ခန်း လုံးဝမလုပ်သူ သို့မဟုတ် တစ်ပတ်လျှင် တစ်ခါလောက်သာ လေ့ကျင့်ခန်းလုပ်သူများထက်စာလျှင် ဦးနှောက်ထိခိုက် ဒဏ်ရာရမှုအန္တရာယ် ထက်ဝက်ခန့် လျော့ကျကြောင်း သုတေသနစာတမ်းများတွင် ဖော်ပြထားပါသည်။ ထို့အပြင် မည်သည့်အသက်အရွယ်ပင်ဖြစ်စေ လေ့ကျင့်ခန်းလုပ်သူများသည် မှတ်ဉာဏ်၊ အာရုံစူးစိုက်မှုနှင့် အခြားအသိဉာဏ်ဆိုင်ရာ လုပ်ငန်းစဉ်များကို တိုးတက်စေသည်။

လေ့ကျင့်ခန်းလုပ်ခြင်းသည် ဦးနှောက်အတွက် အံ့အားသင့်ဖွယ်ရာကောင်းကျိုးများကို ရရှိစေပြီး အမျိုးမျိုးသော ရောဂါဘယများကို ကင်းဝေးစေသည့်အပြင် ဆုံးဖြတ်ချက်ချမှတ်သည့် စွမ်းရည်ကို တိုးတက်စေကြောင်းလည်း သုတေသနပညာရှင်အချို့က ပြောကြားထားသည်။ ပုံမှန်ကာလများတွင် လူတိုင်းကိုယ်စီ နိစ္စဓူဝလုပ်ငန်းများ ဆောင်ရွက်နေရခြင်းကြောင့် လေ့ကျင့်ခန်းမဆိုထားနှင့် လမ်းလျှောက်သည့်အလေ့အကျင့်ပင် မပြုလုပ်နိုင်ကြပေ။

ထို့ကြောင့် ယခုလို ကပ်ရောဂါဖြစ်ပွား၍ အိမ်၌သာနေရသည့်ကာလမျိုးတွင် နေအိမ်အတွင်းမှာနေထိုင်ရင်းပင်လုပ်နိုင်မည့် ကျန်းမာရေးအထောက်အကူပြု ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် ရောဂါဘယကင်းဝေးအောင် နေထိုင်သွားသင့်ပါသည်။

**အကြံပြုတိုက်တွန်းချက်**

သတိမမူ ဂူမမြင်ဆိုသလို မိဘပြည်သူများအနေဖြင့် မိမိတို့၏ စိတ်အတွေးတွင် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းဖြစ်ပျက်နေသော ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုဖြစ်စဉ်များနှင့် သေဆုံးမှုဖြစ်စဉ်များကို တွေ့နေမြင်နေရ ခြင်းဖြင့် စိတ်ပင်ပန်းနေကြသောကြောင့် မိမိတို့ အကောင်းဆုံးလုပ်ဆောင်နိုင်သည့် အချက်လေးများကို သတိမေ့ပြီး လမ်းပျောက်နေတတ်ပါသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် ယခုဆောင်းပါးကို ရေးသားခြင်းဖြင့် မိဘပြည်သူများ၏ မေ့ပျောက်နေသော အသိနှင့်သတိတရားများ ပြန်လည်အမှတ်ရစေရေးအတွက် အသိပေးမှုပြုလုပ်ရခြင်း ဖြစ်ပါသည်။

မိဘပြည်သူများသည် မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းများရပ်ဆိုင်း၍ အိမ်မှာနေခြင်း (Stay at Home) ဖြင့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ၊ မိမိတို့ တစ်မျိုးသားလုံး၏ အသက်ဘေးအန္တရာယ် မကျရောက်စေရေး စိတ်ဆန္ဒများကို အကောင်အထည်ဖော်နေရမည့်အတူတူ အဆိုးထဲမှ အကောင်းကို ရွေးထုတ်၍ မိမိတို့အတွက် အကျိုးရှိစေမည့် အထက်ဖော်ပြပါအချက်များကို လိုက်ပါဆောင်ရွက်ကြခြင်းဖြင့် အားလပ်ချိန်များကို အကောင်းဆုံး အသုံးချသွားကြစေလိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

> **“စာပေဖတ်ရှုခြင်းဖြင့် စိတ်ခွန်အားကြီးမားလာမှုနှင့် အတွေးအခေါ် ဗဟုသုတများ ရင့်သန်လာမှုတို့ကြောင့် အကျိုး၊ အကြောင်း၊ အဆိုး၊ အကောင်းနှင့် အမှား၊ အမှန်တို့ကို ဝေဖန်ပိုင်းခြားသိမြင်လာမည်ဖြစ်ပါသည်။ စာမဖတ်သူနှင့် စာဖတ်သူ ကွာခြားသွားသည့်အချက်မှာ စာဖတ်သူများသည် ယေဘုယျအားဖြင့် အသိပညာဗဟုသုတမြင့်မားပြီး ကိုယ်ပိုင်အရည်အချင်း၊ အရည်အသွေးပိုင်းတွင် စာမဖတ်သူများထက် အစဉ်အမြဲ သာလွန်နေမည်”**

## အခြေခံပညာအတွက် သင်ထောက်ကူအဖြစ် အက်ပလီကေးရှင်း ဝန်ဆောင်မှု ဆရာ ဆရာမများ အခမဲ့အသုံးပြုနိုင်ရန်ကူညီမည်

ရန်ကုန် ဩဂုတ် ၁၅

အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ဖြစ်စေမည့် သင်ရိုးညွှန်းတမ်း Grade-1 မှ Grade-11 အထိ သင်ခန်းစာများကို မြန်မာနိုင်ငံတစ်ဝန်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအတွက် သင်ကြားရေးအထောက်အကူအဖြစ် အလွယ်တကူလေ့လာနိုင်မည့် ဗီဒီယိုသင်ခန်းစာများကို အက်ပလီကေးရှင်းဖြစ်သည့် Waso Learn Application တွင် သင်ကြားရေးအထောက်အကူအဖြစ် ဝန်ဆောင်မှုနှင့်အတူ ဆရာ ဆရာမများအား အခမဲ့သုံးစွဲနိုင်ရန် ပံ့ပိုးကူညီမည်ဖြစ်ကြောင်း Strategy First Education Group မှ သိရသည်။

အဆိုပါ Waso Learn Mobile Application တွင် ပါဝင်သော သင်ခန်းစာများမှာ အခြေခံပညာသင်ရိုးညွှန်းတမ်းများအတိုင်း ဆရာကြီး ဆရာမကြီးများက သင်ကြားပို့ချထားကာ အလွယ်တကူလေ့ကျင့်ဖြေဆိုနိုင်ရန် မေးခွန်းများ၊ ရုပ်ပြပုံသရုပ်ဖော်ပုံများ၊ ကဗျာ၊ သီချင်းများဖြင့် သင်ကြားမှုအထောက်အကူအဖြစ် ဆောင်ရွက်ထားပြီး သင်ရိုးညွှန်းတမ်းသင်ခန်းစာများသာမက ပန်းချီ၊ ဂီတ၊ အားကစားနှင့် အခြားကဏ္ဍပေါင်းစုံ ထည့်သွင်းထားကာ ဘက်စုံပညာရေးအတွက် အထောက်အကူအဖြစ် လေ့လာသင်ယူနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

Waso Learn Mobile Application ကို Google Play Store, APK Pure တို့တွင် Download ရယူပြီး Apple APP Store တွင်လည်း ရယူနိုင်ကြောင်း သိရသည်။ “Waso Learn Mobile App မှာ Grade -1 မှ Grade -11 အထိ ဘာသာစုံလေ့လာရန် စဉ်ထားပြီး အခုလို ကိုဗစ်-၁၉ ကာလမှာ ကျောင်းသား ကျောင်းသူတွေအတွက် သင်ထောက်ကူအဖြစ် အသုံးပြုနိုင်ဖို့ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဆရာ ဆရာမတွေအတွက်လည်း အထောက်အကူဖြစ်မှာပါ။ ထိရောက်ကောင်းမွန်တဲ့ပညာရေးအတွက် လူတိုင်းလက်လှမ်းမီအောင် ရည်ရွယ်ပြီး စီစဉ်တာပါ” ဟု Waso Full Moon Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးအောင်ချစ်ခင်က ပြောသည်။

Application ကို Grade-1 မှ Grade-9 အထိ မူလတန်း၊ အလယ်တန်း၊ Version Grade 10-12 အထက်တန်းသီးသန့်နှင့် Waso Teacher ဆရာကိုင်သီးသန့်စသည့် အမျိုးအစားသုံးမျိုးထုတ်လုပ်ထားပြီး Teacher App ကို မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာမှ ဆရာ ဆရာမများ အခမဲ့အသုံးပြုနိုင်ရန် ဌာနဆိုင်ရာများကတစ်ဆင့် စီမံဆောင်ရွက်မည်ဖြစ်ရာ ပရဟိတကျောင်းများနှင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း အခမဲ့အသုံးပြုနိုင်ရန် First Education Group မှ ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူတော်ငွေပေးအပ်

မန္တလေး ဩဂုတ် ၁၅

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံတည်ဆောက်အချောသပ်မွမ်းမံခြင်းလုပ်ငန်းများအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၂ လမ်းရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်ဇနီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ညွှန်ကြားရေးမှူး ဦးအောင်သိန်းဦး၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နှုတ်ခွန်းဆက်စကား ပြောကြားသည်။




ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ဦးမောင်ကို ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ(ထာဝရကုမ္ပဏီများအုပ်စု ၊ ရွှေဥသြရွှေဆိုင်) မိသားစုက အလှူငွေကျပ်သိန်းနှစ်ရာ၊ ဦးမြင့်နိုင် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ရွှေ (အာရှနိုင် အင်တာပရိုက်စ်လီမိတက်)မိသားစုက အလှူငွေကျပ်သိန်း တစ်ရာ့ငါးဆယ်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ငွေးငွေးသိန်း (မြသစ္စာသစ်သီးပွဲရုံလုပ်ငန်း) မိသားစု၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်အုန်းမြင့် (သမာဓိအာမခံရွှေဆိုင်၊ အောင်စိုးမိုး လျှပ်စစ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးနှင့် အောင်စိုးမိုး အထည်ဆိုင်) မိသားစု၊ ဒေါက်တာဝင်းလှိုင် ဇနီး သုဓမ္မသိင်္ဂီ ဒေါ်မြစန္ဒာဝင်း (တော်ဝင်စိန်တိုက်) မိသားစု၊ ဦးဝင်းဖေမြင့် (မြတံခွန်နှင့်အောင်သန်းဆု ပင်ရင်းထီရောင်းဝယ်ရေး ) မိသားစု၊ သုဓမ္မမဏိဇောတဓရ ဒေါက်တာကျော်သက်နိုင် (အောင်သိဒ္ဓိနို့ဆီနှင့် ရွှေမြန်မာထောပတ်လုပ်ငန်း) မိသားစု၊ ဦးတင်ကိုကို + ဒေါ်အေးသီတာ ( Shining Star Gem & Jewellery) မိသားစု၊ ဦးဘရန်မိုင် (သျှမ်းလက်ရာ စားသောက်ဆိုင်) မိသားစု၊ ဒေါ်ခင်နှင်းဦး(ခ) မစုရင် (မြန်မာနန်းထိပ် ကျောက်မျက်ရတနာရောင်းဝယ်ရေး) မိသားစု၊ သုဓမ္မသိင်္ဂီ ဒေါ်အေးအေးမြင့် မိသားစု၊ သုဓမ္မမဏိဇောတဓရ ဦးမောင်စိုး (စိန်စွန်ညို–အဆင့်မြင့် သံရည်ကျိုသံနန်းဆွဲလုပ်ငန်း) မိသားစု၊ ဦးညီမော်ကွန်း ဇနီး ဒေါ်ရူပါအေးသန်းဝင်း (သစ္စာကျောက်မျက်ရတနာ ရောင်းဝယ်ရေးနှင့် ခေတ်ရာဇာကျောက်မျက်ကုမ္ပဏီ)မိသားစု၊ ဒေါ်ဝင်းဝင်းခိုင်(ခ) ဒေါ်အလင်း (Champion Bakery မုန့်မျိုးစုံဖြန့်ချိရေး) မိသားစုနှင့် သုဓမ္မသိင်္ဂီ ဒေါ်ခင်မိုးမိုးဝင်း (Immortal Moe Co; Ltd ဆိုင်ကယ်လက်လီလက်ကား ဖြန့်ချိရေးလုပ်ငန်း)မိသားစုတို့က အလှူငွေကျပ် သိန်းတစ်ရာစီ၊ ဦးအောင်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမော်စီ (အောင်သမာဓိ စိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်း) မိသားစု၊ သုဓမ္မသိင်္ဂီဒေါ်သန်းသန်း(မြန်မာသူရကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်း) မိသားစု၊ သုဓမ္မသိင်္ဂီ ဒေါ်မြမြသန်း (ကုန်သည်) မိသားစု၊ ဦးသန်းငွေအောင် (ဦးဘရင်သံဆိုင်) မိသားစု၊ ဦးမျိုးချစ် (အောင်သန်းဝေ စက်မှုလက်မှု၊ လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေး၊ ရွှေဝါဝင်းမင်္ဂလာခန်းမနှင့် ကိတ်မျိုးစုံလုပ်ငန်း)မိသားစု၊ ဒေါ်ဥမ္မာစောဝင်း(မြန်မာ့အလှ ပိုးထည်၊ ချည်ထည်တိုက်၊ Hello စက်သုံးဆီရောင်းဝယ်ရေး) မိသားစု၊ ဦးကျော်သန်းဇော်မိသားစု၊ ဒေါ်ညွှန့်ညွှန့်အောင်(မြဂုဏ်ရောင်ရွှေခေတ်စတိုး) မိသားစု၊ ဦးအောင်အောင်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်လှလှဝေ၊ ဦးမြင့်အောင် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်ရီ (အောင်မြင့်မိုရ်ဟိုတယ်နှင့် သာစည်ရောင်းဝယ်ရေးလုပ်ငန်း)၊ ဒေါက်တာလှကြွယ်+ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးအောင် (အောင်ဝင့်ထည် စီးပွားရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက်) မိသားစုတို့က အလှူငွေကျပ်သိန်း ၅၀ စီ၊ ဒေါ်ထွေးထွေး(ခ) ဒေါ်လှထွေး(ဆန်းဝင်းမြင့်စက်မှု) မိသားစုက အလှူငွေကျပ်သိန်း ၃၀ နှင့် ဒေါ်ညွှန့်ယဉ်ဝင်း (Rich Life Co,Ltd) မိသားစုက အလှူငွေကျပ်သိန်း ၂၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူ၍ အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

အဆိုပါ ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင် ၂၈ ဦးတို့က စုစုပေါင်း လှူဒါန်းငွေကျပ် – ၂၂၅,၀၀၀,၀၀၀/– (သိန်း နှစ်ထောင့်နှစ်ရာ ငါးဆယ်တိတိ)ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၅

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်တို့နှင့်အတူ ဩဂုတ် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ တောင်ငူမြို့နယ် ကေတုမတီ ငါးနှင့် ကြက်မွေးမြူရေးကုန်ထုတ် သမဝါယမအသင်းလီမိတက်အသင်းဝင် ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ရာ ငါးမွေးကန် ၁၁၂ ဒသမ ၆၁ ဧကအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်ငူခရိုင်အတွင်း၌ ငါးမွေးကန် ၄၂၁ ဒသမ ၆၉ ဧက ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထောက်ပံ့ပေး**

ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)အရ ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် ရည်ရွယ်၍ ငါးသားပေါက်များ ထောက်ပံ့ပေးလျက်ရှိရာ တစ်ဧကလျှင် ငါးသားပေါက်ကောင်ရေ ၂၀၀၀ နှုန်းဖြင့် တစ်နိုင်ငံလုံးရှိ ငါးမွေးကန်ဧက ၁၅၀၀၀ အတွက် ငွေကျပ်သန်း ၆၀၀၀ တန်ဖိုးရှိ ငါးသားပေါက်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရေလုပ်သားများ ပင်လယ်ပြင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများကို ကမ်းရိုးတန်းဒေသရှိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွင့်လှစ်ပေးနိုင်ရေးအတွက် ငွေကျပ်သန်း ၆၀ ပံ့ပိုးပေးရန် နိုင်ငံတော်အစိုးရမှ ခွင့်ပြုချက်ရရှိခဲ့ရာငါးမွေးတောင်သူများနှင့် ငါးဖမ်းလုပ်သားများအတွက် အကျိုးရှိ ထိရောက်စေမည့် အစီအမံများဖြင့် ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်း အိုးထိန်းချောင်းတူးဖော်မှုလုပ်ငန်း၊ ခပေါင်းလက်ဝဲမြောင်းမကြီး DY–1 ၏ DO –4 ၌ ရေသုံးစွဲသူများအဖွဲ့ WUG များ၏ မြောင်းရှင်း၊ မြောင်းဆယ်ခြင်း၊ ရေသွယ်ရေသောက်မြောင်းများ မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရေသုံးစွဲသူများအဖွဲ့ WUG များနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများအနေဖြင့် ပြောင်းလဲဖြစ်ပေါ်လာသည့် ရာသီဥတုနှင့် မိမိတို့၏ ရေအရင်းအမြစ်အခြေအနေများအရ ဒေသအလိုက် စိုက်ပျိုးရေရယူသုံးစွဲနိုင်ရေးကို ဌာနက ထုတ်ပြန်ပေးထားသည့် စည်းကမ်းများ၊ နည်းလမ်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေသုံးစွဲရာတွင် မိုးကောင်းသောက်စနစ်များပြားလျက်ရှိပြီး ဆည်ရေသောက်စနစ်သည် တစ်နိုင်ငံလုံးစိုက်ဧက၏ ၁၅ ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း ပြောင်းလဲလာသော ရာသီဥတုနှင့် နောင်လာမည့်ကာလများ၌ ရေရရှိသုံးစွဲမှု ပိုမိုတိုးမြှင့်ပေးနိုင်ရေးကို စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသုံးစွဲသူများအဖွဲ့ WUG များမှတစ်ဆင့် ရေသုံးစွဲသူများအသင်း WUA များ တိုးမြှင့်ဖွဲ့စည်းပြီး ပိုမိုကျယ်ပြန့်သည့် ရေသုံးစွဲမှုစနစ်တစ်ရပ် ထူထောင်သွားနိုင်ရေးအတွက် ပူးပေါင်းကြိုးပမ်းပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ငူမြို့နယ် ထန်းကုန်းကျေးရွာ၌ ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) ၏ Cash for Work အထောက်အပံ့ငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ရောမြေခင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထိုမှတစ်ဆင့် ဖြူးမြို့နယ် ခရမ်းကျေးရွာ၌ ကိုဗစ်–၁၉ စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက် (CERP) ၏ Cash for Work အထောက်အပံ့ ငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေမြောင်းတူးဖော်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖြူးဆည်ရေသောက်စနစ်နှင့် ဖြူးရေလွှဲဆည်တို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ဖြူးဆည်ရေသောက်အတွင်း စိုက်ပျိုးရေပေးဝေမှုအခြေအနေများ၊ ဖြူးရေလှောင်တမံကြံ့ခိုင်ရေးနှင့် ရေပိုလွှဲအောက်ခြေရေငြိမ်ကန် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆည်ရေသောက်စနစ်များဖွံ့ဖြိုးရေး၊ ရေလှောင်တမံများ ဘေးကင်းလုံခြုံရေးနှင့် ဆည်ရေစနစ်တကျ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် ကျေးတောစုရွာ၌ ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) ၏ Cash for Work အထောက်အပံ့ငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် စာသင်ကျောင်း ခြံစည်းရိုးကာရံခြင်း၊ လမ်းမြေတူးမြောင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**အကျိုးပြုနိုင်မည်**

ကိုဗစ်–၁၉ ကြောင့် ဖြစ်ပွားသည့် စီးပွားရေး အကျပ်အတည်းများမှ အမြန်ဆုံး အဆင်ပြေစေရေးအတွက် ကာလတိုစီမံချက်ဖြစ်သည့် “ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် ”(CERP)အရ ပြည်သူများ ဝင်ငွေရရှိစေမည့် အလုပ်အကိုင်ဖန်တီးဖော်ဆောင်ပေးရန်၊ ကျေးရွာများ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရန်နှင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရန် တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် Cash for Work စီမံကိန်းကို ငွေကျပ်သန်း ၂၅၀၀၀ အသုံးပြုပြီး နိုင်ငံတစ်ဝန်းရှိ ကျေးရွာ ၂၄၈၈ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာအိမ်ထောင်စု ၁၂၀၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျေးတောစုသမဝါယမအသင်းသို့ရောက်ရှိရာ အသင်းတာဝန်ရှိသူများက အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် သမဝါယမအသင်းများ တိုးတက်အောင်မြင်ရေးအတွက် ဌာနက ကူညီပံ့ပိုးပေးနေမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် “The Guidelines on Occupational Safety and Health in Construction Industry (Management)” အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတက်ရောက်



**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် Federation of Engineering Institutions of Asia and Pacific (FEIAP) တို့ပူးပေါင်း၍ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို ကောင်းမွန်စွာ စီမံဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ “The Guidelines on Occupational Safety and Health in Construction Industry (Management) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်း အမှတ် (၅/က) မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက Moderator အဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေရပါကြောင်း၊ ယေဘုယျအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘတ်ဂျက်၊ အတွေ့အကြုံ၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုနှင့် စီမံကိန်းကြာမြင့်မှု စသည့်အကန့်အသတ်များစွာရှိပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ လုပ်ငန်းခွင် ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးသည် လုပ်သားပြည်သူများ၏ ဘဝနေထိုင်ရေး အတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါကြောင်း၊ အလုပ်ခွင်အတွင်း ဖြစ်နိုင်ချေရှိသော သေဆုံးမှုများနှင့် ဒဏ်ရာရရှိမှုများကို ကာကွယ်ရန်လိုအပ်သော အလေ့အကျင့် ကောင်းများကို မွေးမြူရမည်ဖြစ်ကြောင်း။

လက်ရှိတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်များ စီမံခန့်ခွဲရာတွင် အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်များကို လိုက်နာရမည်ဖြစ်သော်လည်း လုပ်ငန်းခွင်အချို့တွင် လုပ်သားပြည်သူများ၏ လုံခြုံမှုနှင့်ကျန်းမာရေးကို လျစ်လျူရှုထားသည်ကို တွေ့ရှိရပါကြောင်း၊ ကွန်ကရစ်များ ပုံသွင်းလောင်းစဉ် ကာလအတွင်း ပြေမ်းပြိုကျခြင်း၊ အလုပ်သမားများ ပြုတ်ကျဒဏ်ရာရရှိခြင်း၊ အရာဝတ္ထုများနှင့် ထိခိုက်မိခြင်း၊ ဓာတ်လိုက်ခြင်း၊ မွန်းကျပ်ခြင်း သတင်း များကိုလည်း မကြာခဏကြားသိနေရပါကြောင်း၊ အလုပ်သမားများ၏ ကျန်းမာရေးကိစ္စအဝဝကို သတိမပြုမိခြင်း စသည့်အခြေအနေ ပြဿနာများကို ဂရုမစိုက်ပါက ယင်းပြဿနာများ ပြီးဆုံးမည်မဟုတ်ပါကြောင်း၊ အထူးသဖြင့် ကိုဗစ်-၁၉ ကဲ့သို့ ကူးစက်ရောဂါကာလတွင် ကဏ္ဍအလိုက် ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ယခုအချိန်သည် စီမံကိန်းတိုင်းတွင် သေဆုံးမှုနှင့် မတော်တဆမှုများ လျော့ပါးစေရန် အစီအစဉ်တကျဆောင်ရွက်ခြင်းသည် အချိန်ကောင်း ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်သားတိုင်း လုပ်ငန်းမစတင်မီ သင့်တင့်သော လေ့ကျင့်သင်ကြားမှုများ လိုအပ်ပါကြောင်း၊ PPE ဝတ်စုံဝတ်ဆင်ခြင်း၊ ဘေးကင်း လုံခြုံသော လုပ်ငန်းခွင်ဖြစ်ခြင်း၊ အန္တရာယ်ထိန်းချုပ်မှုနှင့် OSHA အစီရင်ခံခြင်း အလေ့အကျင့်များပင်ဖြစ်ပါကြောင်း၊ အင်ဂျင်နီယာများ၏ ထိန်းချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် အခြေခံကာကွယ်မှုအဖြစ် PPE ဝတ်စုံဝတ်ဆင်ခြင်းဖြင့် လုပ်ငန်းခွင် အန္တရာယ်ဖြစ်ပွားမှုကိုလည်း ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ အရည်အသွေး ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ထောက်ပံ့ပေးခြင်းဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံး ပါဝင်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြဿနာအားလုံးကို ဖြေရှင်းနိုင်ပြီး ဆောက်လုပ်ရေးလုပ်ငန်းတွင် ပိုမိုလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို ဖန်တီးရန်၊ စံချိန်စံညွှန်းနှင့်အညီ လိုက်လျောညီထွေရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် Federation of Engineering Institutions of Asia and Pacific (FEIAP) မှ Secretary General Ir. Dr. Tan Yean Chin က “The Guidelines on Occupational Safety and Health in Construction Industry (Management)” ခေါင်းစဉ်ဖြင့် စာတမ်းကို အသေးစိတ်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက မေးခွန်းများအပြန်အလှန် မေးမြန်းခြင်း၊ ဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၇)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အတွင်းရေးမှူးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

(၂၇)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အတွင်းရေးမှူးများ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ၌ ကျင်းပ သည်။ (အောက်ပုံ)



အစည်းအဝေးသို့ အစိုးရအစုအဖွဲ့မှ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် စိုးနိုင်ဦးနှင့် ဗိုလ်မှူးချုပ် ရဲရင့်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ပဒိုစောတာဒိုမူး(KNU)၊ ဦးမျိုးဝင်း(ABSDF)၊ စောမြရာဇာလင်း (ALP)၊ ခွန်မြင့်ထွန်း(PNLO)နှင့် နိုင်အောင်မငေး(NMSP)၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးနိုင်ငံလင်း(NLD)၊ ဦးမြင့်စိုး(USDP)၊ စိုင်းကျော်ညွှန့်(SNLD)၊ တာလှဖေ(တအာင်း (ပလောင်))၊ ဦးသိန်းထွန်း(NUP)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကိစ္စ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘော တူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဇယား-၁)၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ သဘောတူညီချက်၊ ညီလာခံတွင် UPDJC နှင့် JMC အစီရင်ခံစာများ တင်သွင်းရေး ကိစ္စ၊ ညီလာခံဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ညီလာခံရက်အလိုက် အစီအစဉ်နှင့် ကျင်းပမည့်ပုံစံ၊ ညီလာခံပထမနေ့အစီအစဉ်၊ ညီလာခံသဘာပတိများကိစ္စ၊ ညီလာခံအကျိုးဆောင်များကိစ္စ၊ ညီလာခံတွင် UPDJC အတွင်းရေးမှူးများ လုပ်ငန်းတာဝန်ခွဲဝေမှု၊ UPDJC အဖွဲ့ဝင်များ အစားထိုးပြောင်းလဲတာဝန် ပေးအပ်သည့်ကိစ္စနှင့် (၁၉) ကြိမ်မြောက် UPDJC အစည်းအဝေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်း-မျိုးနိုင်ဟန်၊ ဓာတ်ပုံ- ကိုထိန်**

# ဝါးခယ်မတံတားပေါ်မှ ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြု

ဝါးခယ်မ ဩဂုတ် ၁၅

**ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ဝါးခယ်မတံတားကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလက အဆင့်မြှင့်တင် တည်ဆောက်ခဲ့ရာ အများပြည်သူသွားလာရ အဆင်ပြေလွယ်ကူစေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားချက်နှင့်အညီ ယနေ့ နံနက် ၆ နာရီကစတင်ကာ အသုံးပြုခွင့်ပေးခဲ့ကြောင်း သိရသည်။** (ယာပုံ)



ပန်းတနော် - ရွှေလောင်း -ဝါးခယ်မ - ကျုံမငေးလမ်း မိုင်တိုင်အမှတ် ၃၅ မိုင် ၅ ဖာလုံရှိ ဝါးခယ်မတံတားကို အဆင့်မြှင့်တင်တည်ဆောက်ရာတွင် ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ တံတားအမျိုးအစားမှာ သံကူ ကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ အရှည် ပေ ၃၀၂၀၊ အကျယ် ၃၀ ဒသမ ၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေစီ၊ ရေကင်းလွတ်အမြင့် ၃၆ ပေ၊ တံတား၏ခံနိုင်ဝန်မှာ HS25 Load Class ဖြစ်ကြောင်း သိရသည်။

“ဒီနေ့မနက် ၆ နာရီကစပြီး သက်ဆိုင်ရာ ခွင့်ပြုချက်တွေနဲ့အညီ အသုံးပြုခွင့်ပေးလိုက်တာ ဖြစ်ပါတယ်။ အဝေးပြေးယာဉ်လိုင်းတွေ၊ ကုန်တင်ကားတွေ၊ ခရီးသွား ပြည်သူတွေအတွက် သွားလာမှုအခက်အခဲကနေ လွတ်ပြီ လို့ပဲ ဝမ်းသာစကား ပြောလိုပါတယ်။ တစ်ဖက်ကမ်းမှာ ရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေသာမက ခရီးသွား ပြည်သူတွေအတွက်လည်း အရင်လို အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်သလို မြို့နယ်အတွက် ကုန်စည် စီးဆင်းမှုလည်း ပုံမှန်လည်ပတ်စီးဆင်းနိုင်ပြီ ဖြစ်ပါတယ်” ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က ပြောသည်။

**လွမ်းသီဟ (ပြန်/ဆက်)**

# မိုင်းပျဉ်းမြို့၌ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ဖွင့်လှစ်

**မိုင်းပျဉ်း ဩဂုတ် ၁၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့၌ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံးက အမှာစကား ပြောကြားပြီး (ယာပုံ) ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသက်ပိုင်မျိုးက ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။




ထို့နောက် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံးနှင့် တာဝန်ရှိသူများသည် ပင်မဓာတ်အားခွဲရုံ ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဓာတ်အားခွဲရုံများမှ မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာ ၂၂ ရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး ယခုအခါ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာ ငါးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်ကာ ကျန်ရှိနေသော ကျေးရွာ ၁၇ ရွာကို ဩဂုတ်လကုန်မှ စတင်၍ လျှပ်စစ်မီး ထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မေမွန်ထွဋ်(ပြန်/ဆက်)**

# ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၂၀ နှင့် ပြည်တွင်း အလုပ်နေရာ ၂၁၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၁၁၈၈ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၁၉၉၁၀ စုစုပေါင်း ၂၁၀၉၈ ဦးကို အလုပ်အကိုင်များ ရှာဖွေပေးနိုင်ခဲ့သည်။

ထို့အပြင် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် ကိုရီးယားနိုင်ငံသို့ အလုပ်သမား ၂၀ ကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပူတာအိုမြို့နယ်၌ Cash For Work စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**ပူတာအို ဩဂုတ် ၁၅**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်ငံတော်မှ ချမှတ်ထားသော ကိုဗစ်ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ကျေးလက်ဒေသနေ မိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန် Cash For Work စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာများသို့ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် မြို့နယ်ဦးစီးမှူး ဦးငွေးမြင့်တို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် Cash For Work စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စုအတွင်းရှိ မန်ပန်ကျေးရွာ၌ အရှည်ပေ ၁၀၂၀၀ ကို ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာတွင်း ရေနုတ်မြောင်း ပြုပြင်ခြင်းနှင့် ရေပြွန် ၁၁ ခု ပြုလုပ်ခြင်း၊ ဖန်ခိုင် (၁) ကျေးရွာ၌ အရှည်ပေ ၃၄၈၀၀ ကို ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာတွင်း ရေနုတ်မြောင်းပြုပြင်ခြင်း လုပ်ငန်းများ ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျေးရွာနှစ်ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော Cash For Work စီမံကိန်းများမှာ လက်ရှိမြေပြင်အနေအထားအရ မန်ပန်ကျေးရွာတွင် ၄၀ ရာခိုင်နှုန်း၊ ဖန်ခိုင် (၁) ကျေးရွာတွင် ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ယင်းစီမံကိန်းပြီးစီးပါက ဖန်ခိုင် (၁) ကျေးရွာနေ အိမ်ခြေ ၉၂ အိမ်၊ လူဦးရေ ၄၅၉ ဦးနှင့် မန်ပန်ကျေးရွာနေ အိမ်ခြေ ၆၂ အိမ်၊ လူဦးရေ ၄၀၁ ဦးတို့အတွက် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖုန်ကန်(ပြန်/ဆက်)**

# ကျုံပျော်တွင် စပါးခင်းအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၆၉၀၀၀ ငါးမျိုးစိုက်ထည့်

**ကျုံပျော် ဩဂုတ် ၁၅**

ဒေသခံပြည်သူများ ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရန်နှင့် ငါးမျိုးပြုန်းတီးမှု မရှိစေရန် ရည်ရွယ်၍ စပါးခင်းအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၆၉၀၀၀ အား စုပေါင်းငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၁၄ ရက်က ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် မြေရဲမြောက်ကွင်းအတွင်း၌ ပြုလုပ်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ထိုင်းငါးခုံးမကောင်ရေ ၁၉၀၀၀ နှင့် ရွှေဝါ၊ ငါးကြင်းကောင်ရေ ၅၀၀၀၀ တို့ကို စုပေါင်းစိုက်ထည့်ကြသည်။

စပါးစိုက်ဧက ၁၃၈ ဧကအတွက် တစ်ဧကလျှင် ငါးအကောင်ရေ ၅၀၀ နှုန်းဖြင့် စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၆၉၀၀၀ ကို စုပေါင်းစိုက်ထည့်ခဲ့ကြောင်း၊ ငါးမျိုးပြုန်းတီးမှု မရှိစေရေးအတွက် တရားမဝင် ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးမှုများကို စစ်ဆေးအရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်က ပြောသည်။

ကျုံပျော်မြို့နယ်တွင် ဂရန်အင်းပေါင်း ၃၀ ရှိပြီး နိုင်ငံဘဏ္ဍာအဖြစ် ယခုနှစ်တွင် ငွေကျပ်သိန်း ၂၄၉၉၀၂၀၀၀ ကို ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ အင်းရဲကြီးအင်းနှင့် ရှားခဲကြီးအင်းများကဲ့သို့ ငါးများစွာထွက်သော အင်းကြီးများလည်းရှိသောကြောင့် ဒေသတွင်း ငါးစားသုံးမှုဖူလုံပြီး အခြားမြို့ကြီးများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။

**နေဝင်းမြင့် (ကျုံပျော်)**

# သရက်မြို့နယ် မြွေပွေးကျေးရွာတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ပထမဆုံး လျှပ်စစ်မီးရရှိ

**သရက် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပျဉ်ထောင်အုပ်စု မြွေပွေးကျေးရွာတွင် NEP Phase –1 (အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း ပထမအဆင့်) ဖြင့် 100 KVA ထရန်စဖော်မာနှင့် 11 KV ဓာတ်အားလိုင်း ၀ ဒသမ ၂၉ မိုင် တည်ဆောက်ပြီး၍ ကျေးရွာနေပြည်သူများ ဓာတ်အားသုံးစွဲနိုင်ရန် ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာတွင် ဓာတ်အားလိုင်း စတင်အသုံးပြုခြင်းကို ဆောင်ရွက်သည်။

ဓာတ်အားလိုင်း စတင်အသုံးပြုခြင်းဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မိုးအောင်၊ သရက်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ကျော်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးနေမင်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

နိုင်ငံတော်မှ 11 KV လျှပ်စစ်မီးတိုင်များနှင့် ထရန်စဖော်မာများ ပံ့ပိုးကူညီခဲ့ပြီး ရွာတွင်း လျှပ်စစ်မီးလင်းရေးအတွက် ကွန်ကရစ်တိုင်များ၊ ကြိုးများကို ရွာသူရွာသားများက ပူးပေါင်းထည့်ဝင်ခဲ့သည်။ NEP Phase–1 ဖြင့် သရက်ရိုင်တွင် ပထမဆုံး လျှပ်စစ်မီး ရရှိခဲ့ခြင်းဖြစ်သည်။

**ပေါက်ကလေး(သရက်)**

# အခြေခံပြည်သူတို့အတွက် အိမ်ရာဖော်ဆောင်မှု ရွှေပြည်သာနှင့် ထန်းတပင်မြို့နယ်တို့တွင် ဆက်လက်အကောင်အထည်ဖော်မည်

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာများတွင် ဝင်ငွေနည်းပါးသော အခြေခံပြည်သူများအတွက် အိမ်ရာစီမံကိန်းများကို ဖော်ဆောင်ပေးလျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရိုးကြီး၊ ရိုးလေးကျေးရွာအနီးရှိ မြေဧက ၂၀၀ နှင့် ရွှေပြည်သာမြို့နယ်တွင် တည်ဆောက်နေသော လုံးချင်းနေအိမ်စီမံကိန်းတို့ကို စက်တင်ဘာလဆန်းပိုင်းနှင့် ကိုဗစ်-၁၉ လွန်ကာလ၌ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသော ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေး အသင်း (အင်းစိန်)မှ သိရသည်။

“ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျေးဇူးတင်ရမှာပါ။ ဝင်ငွေနည်းပါးတဲ့ ပြည်သူတွေ နေထိုင်နိုင်အောင် ထည့်သွင်းစဉ်းစားပြီး မြေနေရာပေးတာဟာ အထူးကျေးဇူးတင်ရမှာပါ။ ရည်ရွယ်ချက်ကောင်းတဲ့အတွက် တတ်စွမ်းသရွေ့ပါဝင်ကူညီတာပါ”ဟု ပျိုမေ့အိမ် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း(အင်းစိန်)ဒါရိုက်တာ ဒေါ်ဇန်လီဆာအောင်က ပြောသည်။

ကိုဗစ်- ၁၉ မတိုင်မီက ရွှေပြည်သာမြို့နယ်နှင့် ဒဂုံသုံးမြို့နယ်တွင် ဝင်ငွေနည်းပြည်သူတို့အတွက် အိမ်ခြေ ၁၀၀၀၀ ဆောက်လုပ်နေသည့်စီမံကိန်းကို စက်တင်ဘာလဆန်းပိုင်းတွင် ပြန်လည်စတင်မည်ဖြစ်ပြီး လှိုင်သာယာမြို့နယ်ရှိ လက်လုပ်လက်စားပြည်သူများ ကိုယ်ပိုင်နေအိမ်ဖြင့် နေထိုင်နိုင်ရန် ထန်းတပင်မြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာ၌ လုံးချင်းအိမ် ၁၀၀၀၀ ကို ကိုဗစ်- ၁၉ လွန်ကာလတွင် ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ အခမဲ့ပေးသောမြေနေရာတွင် Hana micro finance ကုမ္ပဏီမှ တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ ချေးငွေဖြင့် ဆောက်လုပ်ပေးလျက်ရှိရာ ရွှေပြည်သာတွင် လုံးချင်းနေအိမ် ၅၀၀ ကျော်၊ တောင်ဒဂုံတွင် ၁၄၀ ခန့်နှင့် ဒဂုံအရှေ့တွင် လုံးချင်း ၃၀၀ ခန့် တည်ဆောက်လျက်ရှိသည်။

အခြေခံပြည်သူတို့အတွက် ဆောက်လုပ်ထားသော လုံးချင်းအိမ်ပုံစံမှာ အလျားပေ ၃၀၊ အနံ ၁၆ ပေနှင့် အမြင့် ၁၅ ပေ သွပ်မိုးပျဉ်ထောင်ဖြစ်ပြီး Hana micro finance ကုမ္ပဏီမှ တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ ငွေချေး၍ တစ်လလျှင်ငွေကျပ် ၇၉၅၀၀ ကို လပေါင်း ၇၀ ဖြင့် နေအိမ်တစ်လုံးလျှင် ငွေကျပ် ၅၅ သိန်းကျော် ပေးသွင်းပြီး လျှပ်စစ်မီး အသုံးပြုမည်ဆိုပါက ငွေကျပ် ၈၀၀၀၀ မှ ငွေကျပ် ၁၀၀၀၀၀ ခန့်ပေးသွင်းရကြောင်း သိရသည်။



ထန်းတပင်မြို့နယ် ရိုးကြီးကျေးရွာအုပ်စု နင်းကြမ်းကျေးရွာ မေတ္တာလှိုင် အိမ်ရာလုံးချင်းတန်းလျားကို တွေ့ရစဉ်။

**သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် အင်းနားမူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်လှစ်ပေး

စဥ့်ကိုင် ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စု အင်းနားအခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ RC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် မီးသတ်ကယ်ဆယ်ရေးယာဉ်လွှဲပြောင်းခြင်း အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်၊ မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဝင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာမကြီး ဒေါ်သန်းမြင့်၊ UPG ကုမ္ပဏီဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် စာသင်ခန်းများ ပြင်ဆင်ထားရှိမှုနှင့် ကွန်ပျူတာခန်းများ၊ ကလေးကစားကွင်း ပြင်ဆင်ထားရှိမှုများအား လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပလိပ်ကျေးရွာ UPG PAINT & COATING Co.Ltd ရှိ ခန်းမဆောင်၌ မီးသတ်ကယ်ဆယ်ရေးယာဉ်နှင့်ကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး UPG ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးအေးဟန်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် UPG ကုမ္ပဏီ ဒါရိုက်တာ ဒေါက်တာ နွယ်နီဝေက စဥ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာနသို့ မီးသတ်ကယ်ဆယ်ရေးယာဉ်နှင့် ကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

UPG PAINT &COATING Co.Ltd က အင်းနားအခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ် အလျား ၁၃၈ ပေ၊ အနံပေ ၃၀ ရှိ RC နှစ်ထပ်၊ ကလေးကစားကွင်းနှင့် သန့်စင်ခန်းများ ဆောက်လုပ်မှုအတွက် စုစုပေါင်းငွေကျပ် ၂၆၈၅၁၀၅၆၉ နှင့် ကွန်ပျူတာကိုးလုံးအတွက် စုစုပေါင်းငွေကျပ် ၃၄၅၃၂၀၀၊ မီးသတ်ကယ်ဆယ်ရေး ယာဉ်နှင့် ကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများအတွက် စုစုပေါင်းငွေကျပ် ၇၂၂၃၉၄၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် စာသင်ကျောင်းဆောင်ဆောက်လုပ်ရန်နှင့် ကျေးရွာမီးလင်းရေး အလှူငွေပေးအပ်ပွဲ တက်ရောက်

ရေတာရှည် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရေတာရှည်မြို့ အထက အောင်ဆန်းခန်းမ၌ ကျင်းပသော မူလွန်-စိမ့်ရွာကျောင်းဆောင် အပြီးသတ် ဆောက်လုပ်နိုင်ရေးနှင့် ကျေးရွာမီးလင်းရေးအတွက် အလှူငွေများပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးမှုအခက်အခဲဖြစ်ပေါ်လျက်ရှိသော ပေါက်ချောင်းကျေးရွာအုပ်စု စိမ့်ရွာ၌ လိုအပ်လျက်ရှိသည့် စာသင်ကျောင်းဆောင်နှင့် ကျေးရွာမီးလင်းရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းနိုင်မှုအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Top Business Group Co.Ltd မှ ဦးတင်မောင်နိုင်က စာသင်ကျောင်းဆောင် ဆောက်လုပ်ရန် အလှူငွေကျပ် ၇၄ သိန်းကိုလည်းကောင်း၊ ကျေးရွာမီးလင်းရေးအတွက် အလှူငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုဝင်းနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်တို့က လက်ခံယူသည်။




ဆက်လက်၍ ကျေးလက်ဒေသများ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးနေမှု များကိုလည်းကောင်း သက်ဆိုင်ရာဌာနအလိုက် တင်ပြမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆောင်ရွက်ရန် လိုအပ်ချက်များအားပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

သန်းလွင်

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ ကမ်းနားလမ်းလူသွားစင်္ကြံ ကျွံကျမှုစစ်ဆေး

မုံရွာ ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က မုံရွာမြို့ ရုံးကြီးရပ်ကွက် သလ္လာဝတီဆိပ် ကမ်းနားလမ်း တာရိုးပေါ်ရှိ လူသွားစင်္ကြံ ပေ ၁၀၀ ခန့် ကျွံကျမှုကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါလူသွားစင်္ကြံပေ ၁၀၀ ခန့်အား ပြည်သူများသွားလာမှု အဆင်ပြေ ချောမွေ့စေရေးကို အထူးအလေးထား၍ ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ အားလုံးပူးပေါင်းဆောင်ရွက်ပေးရန် မုံရွာမြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား ညွှန်ကြားခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့နယ်တရားရုံးနှင့် မြို့တော်ခန်းမဆောက်လုပ်နိုင်ရေး လျာထားမြေနေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဩဂုတ် ၁၅

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်သည် ဝိုင်းမော်မြို့နယ်အတွင်း မြို့နယ်တရားရေးဌာန မြေနေရာရရှိရေးနှင့် ဝိုင်းမော်မြို့ မြို့အင်္ဂါရပ်နှင့်အညီ မြို့တော်ခန်းမ ဆောက်လုပ်နိုင်ရေးအတွက် လျာထားမြေနေရာများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာတို့သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဝိုင်းမော်မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအတွင်း တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြို့နယ်တရားရုံးကို ကြည့်ရှုစစ်ဆေးပြီး ဆမားခန်းမ၌ တရားရေးဝန်ထမ်းများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။



ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက မြို့နယ်အတွင်း မြို့နယ်တရားရုံးဆောက်လုပ်နိုင်ရေးနှင့် မြို့တော်ခန်းမဆောက်လုပ်ရန် လျာထားမြေနေရာတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုကို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်ဝန်ကြီးများက လျာထားမြေနေရာများနှင့် ပတ်သက်၍ မြေပြင်အခြေအနေများအပေါ် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်တရားရုံးဆောက်လုပ်နိုင်ရေးအတွက် လျာထားသည့် ဝိုင်းမော်မြို့ အမှတ် (၂)ရပ်ကွက် ရှိ ကုန်သွယ်လယ်ယာဂိုဒေါင်ဟောင်းမြေနေရာနှင့် အမှတ် (၄) ရပ်ကွက်အတွင်းရှိ ဘူတာရုံဟောင်းမြေနေရာတို့ကို မြေပြင်အခြေအနေကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) ပြည်နယ်ဝန်ကြီးချုပ်က လျာထားမြေနေရာများနှင့် ပတ်သက်၍ စနစ်တကျ တိုင်းတာ စစ်ဆေးကာ စိစစ်တင်ပြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မွန်ပြည်နယ်၌ အခြေခံလူတန်းစားများအတွက် ဒုတိယအကြိမ်ထောက်ပံ့ပေးမည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင် ဩဂုတ် ၁၅

မွန်ပြည်နယ်၌ ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဒုတိယအကြိမ်ထောက်ပံ့ပေးအပ်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကားပြောကြားပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဦးလှဝင်းတင်က ထောက်ပံ့ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြ၍ တာဝန်ရှိသူများက ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် သက်ဆိုင်ရာ မြို့နယ်များအား ပြန်လည်ပေးအပ်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်၍ နိဂုံးချုပ်စကား ပြောကြားသည်။

မွန်ပြည်နယ် ၁၀ မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကို နိုင်ငံတော်မှ ငွေကြေးထောက်ပံ့ပေးမှုအရ အိမ်ထောင်စု ၄၀၆၆၄၇ စုတွင် ပစ္စည်း(၅)မျိုးထောက်ပံ့သည့် အိမ်ထောင်စု ၄၀၇၄၄ စု၊ ငွေကျပ် ၁၅၀၀၀ ထောက်ပံ့သည့်အိမ်ထောင်စု ၇၃၅၂၇ စု၊ ငွေကျပ် ၂၀၀၀၀ ထောက်ပံ့မည့် အိမ်ထောင်စု ၁၁၄၂၇၁ စုဖြစ်ပြီး ယခုဒုတိယအကြိမ်အတွက် ငွေကျပ် ၂၂၈၅၄၂၀၀၀၀ အား ထပ်မံထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စမ်းစမ်းနွယ်

# တာချီလိတ်မြို့တွင် ငွေကျပ် ၁၅ ဒသမ ၆၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်များနှင့် ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်းပေါင်း ၁၀၃၆ ဒသမ ၁ တန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ



စိုင်းကျော်၊ စိုင်းနော်ခမ်းတို့အား ဖမ်းဆီးရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီခန့်က သတင်းအရ တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု မယ်လိတ်ပါကော်-ဝေလေလန်ကျေးရွာ ကားလမ်းတွင် ရှေ့ပြေးအဖြစ် စိုင်းကျော် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးနေစဉ် စိုင်းနော်ခမ်း မောင်းနှင်လာသော Fortuner အမျိုးအစား မော်တော်ယာဉ် ရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ အိုက်စ် ၂၁၀ ကီလို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ထိုနေရာ၌ပင် Alphard အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ဝမ်ဆောက်ခုံ (အာခါ)ရွာအဝင်လမ်း၌ ယာဉ်မောင်းအား မတွေ့ရှိဘဲ ရပ်တန့်ထားသည်ကိုတွေ့ရှိရပြီး ၎င်းမော်တော်ယာဉ် အနီးရှိ ဆာလာအိတ်များအတွင်းမှ အိုက်စ် ၇၈ ကီလိုကို လည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီတွင် ဝမ်ဆောက်ခုံ(အာခါ)ရွာအနီး ရော်ဘာတောအတွင်း ယာဉ်မောင်းမရှိဘဲ ရပ်တန့်ထားသည့် Chevrolet အမျိုးအစား မော်တော်ယာဉ်အား တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ အိုက်စ် ၃၃၈ ကီလိုကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း အိုက်စ် ၆၂၆ ကီလို (စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၆၅ ဘီလီယံ)၊ မော်တော်ယာဉ်သုံးစီး၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ စိုင်းနော်ခမ်း (၂၃နှစ်)၊ စိုင်းကျော်(၂၄နှစ်)တို့အား လည်းကောင်း။

အလားတူ ဩဂုတ် ၁၄ ရက် ညနေ ၅ နာရီခန့်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် နန်းတုတ်ကျေးရွာအုပ်စု နန်းတုတ်-ညောင်လေးပင်ကျေးရွာသွား ကျေးရွာချင်းဆက်တောလမ်းတွင် ခွန်စန္ဒာ မောင်းနှင်လာသော Mark-II အမျိုးအစားမော်တော်ယာဉ်နှင့် ရဲဝင်း မောင်းနှင်လာသော Mark-II အမျိုးအစားမော်တော်ယာဉ်တို့ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ခွန်စန္ဒာမှာ လျှိုအတွင်းသို့ ခုန်ချထွက်ပြေးသွားခဲ့ပြီး ရဲဝင်း မောင်းနှင်လာသော မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၅၉ ဒသမ ၄ ကီလို (တန်ဖိုးငွေကျပ် ၁၀၃၆ ဒသမ ၁ သိန်း)၊ မော်တော်ယာဉ်နှစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ခွန်စန္ဒာ မောင်းနှင်လာသည့်မော်တော်ယာဉ်ပေါ်မှ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ရဲဝင်း (၃၂နှစ်)တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကမာရွတ်မြို့နယ်နေ အမျိုးသားတစ်ဦးအား ညှဉ်းပန်းနှိပ်စက်ပြီး ဖုန်းလုယူသွားသူများကို ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၁၅**

ကမာရွတ်မြို့နယ်နေ ဦး--- သည် ဩဂုတ် ၁၀ ရက် ည ၈ နာရီ ၂၅ မိနစ်ခန့်က နေအိမ်၌ ရှိနေစဉ် လွန်ခဲ့သော တစ်ပတ်ခန့်က ရင်းနှီးခဲ့သူ မနီနီဝင်းဆိုသူ လာရောက်ပြီး ခဏအကြာ မနီနီဝင်းက အခန်းသော့ကိုယူကာ တံခါးဖွင့်၍ ထွက်သွားပြီးနောက် လူငယ်သုံးဦး နေအိမ်အတွင်း ဝင်လာပြီး ဦး---အား ဝိုင်း၍ ချုပ်နှောင်သဖြင့် ပြန်လည်ခုခံရာ အဆိုပါလူငယ်သုံးဦးက အသင့်ယူဆောင်လာသောဓားနှင့် ထိမိ၍ ဦး---၏ ယာဘက်ပေါင်နှင့် ယာဘက်လက်ဖဝါးတို့တွင် ပြတ်ရှဒဏ်ရာ တစ်ချက်စီ ရရှိခဲ့ကြောင်း၊ ထို့နောက် လူငယ်သုံးဦးက ဦး---ကို လက်ထိပ်ခတ်ထားကြောင်း၊ ထို့အပြင် I-Phone X အနက်ရောင်ဖုန်းတစ်လုံး၊ I Pad3 ငွေရောင်တစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၉၀၀၀၀၀ ကျပ်ခန့်တို့ကို လုယူထွက်ပြေးသွားသောကြောင့် ၎င်းတို့အား အရေးယူပေးရန် ကမာရွတ်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်ကို စုံစမ်းစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် မနီနီဝင်း၊ ဝင်းမင်းထွန်း(ခ) စွမ်းထက်(ခ)ဖန်သီ၊ ကျော်ငြိမ်း(ခ) ကျောက်ကျားကျော်၊ နိုင်းနိုင်း(ခ) နဂါး(ခ)မင်းဟိန်း၊ သျှားလေး(ခ) သျှား၊စနေမောင်(ခ)ထက်အာကာဇော် တို့ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မနီနီဝင်း(ခ) ရန်ချိမ့်ဖု (၄၇နှစ်)နှင့် ကျော်ငြိမ်း(ခ) ကျောက်ကျားကျော် (၂၄နှစ်)တို့ နှစ်ဦးကို ဩဂုတ် ၁၂ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် နမ့်စန်မြို့၌ လည်းကောင်း၊ ဝင်းမင်းထွန်း(ခ) စွမ်းထက်(ခ)ဖန်သီကို ဩဂုတ် ၁၄ ရက် ညနေ ၅ နာရီခွဲတွင် လှိုင်သာယာ အရှေ့ပိုင်းမြို့နယ် နဝဒေးအိမ်ရာရှိ အိမ်နီးချင်းကောင်း စတိုးဆိုင်မှ လည်းကောင်း၊ ကျန်ပြစ်မှုကျူးလွန်သူ နိုင်းနိုင်း(ခ)နဂါး(ခ) မင်းဟိန်း၊ သျှားလေး(ခ)သျှားတို့နှစ်ဦးကို ဩဂုတ် ၁၄ ရက် ည ၉ နာရီတွင် လှိုင်သာယာ အရှေ့ပိုင်းမြို့နယ် ရွှေအိမ်စည် လက်ဖက်ရည်ဆိုင်မှ လည်းကောင်း၊ စနေမောင်(ခ) ထက်အာကာဇော်ကို ထိုနေ့ ည ၉ နာရီ ၃၅ မိနစ်တွင် မြောက်ဥက္ကလာပမြို့နယ် တံတားကြီး ရပ်ကွက် အောင်မင်္ဂလာလမ်း အမှတ် (၁၄၅)ရှိ ၎င်း၏နေအိမ်မှ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ သဃ်န်းကျွန်းမြို့နယ် မိကျောင်းကန် အမှတ်(၁) ရပ်ကွက် ဝေဇယန္တာလမ်းနှင့် ရိပ်သာ(၅)လမ်း၊ အမှတ် (၇၇/၇၈)နေ ဒေါ်ခင်ခင်ဝင်းက ၎င်းနှင့် ပတ်သက်နေသည့် အမျိုးသားသည် အခြား အမျိုးသမီးများနှင့် ရှုပ်ပွေနေသဖြင့် ဆုံးမပေးရန် မနီနီဝင်းနှင့် ဝင်းမင်းထွန်းတို့ကို အကူအညီတောင်းခံခဲ့ကြောင်း၊ ဝင်းမင်းထွန်းက လှိုင်သာယာမြို့နေ နိုင်းနိုင်း(ခ) နဂါး(ခ) မင်းဟိန်းပါ သုံးဦးကို ငွေကျပ် ၂၅ သိန်းဖြင့် ငှားရမ်းပြီး ပြစ်မှုအား ပူးပေါင်းကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါ်ခင်ခင်ဝင်းအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ရာ ၎င်းမှာ ပြစ်မှုကျူးလွန်ပြီးနောက် နေအိမ်မှ တိမ်းရှောင်သွားကြောင်း သိရသည်။

အမှုမှဖမ်းဆီးရမိသူ မနီနီဝင်းပါ ခြောက်ဦးကို ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဒေါ်ခင်ခင်ဝင်းအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉၆ စီး၊ သွင်းကုန် ၃၉၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၂၀၀ သန်းတန်ဖိုးရှိ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ဆေးဝါးနှစ်မျိုးဖြစ်သည့် NOXA 20(1x10 Capsule x 10ကတ် x100ဘူး) 4Pkgs နှင့် Marvelon 28(1x28Tab x10Box x 25ကတ်) 2Pkgs အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ငါးချီပြိုင်ပွဲ၌ စိုးမင်းအောင် (မြန်မာ)နှင့် အာသာတီ (ဥဇဘက်ကစ္စတန်)၊ မစ်ဒယ်ဝိတ် (၇၁ - ၇၅ ကီလို) ငါးချီပြိုင်ပွဲ၌ ခရစ္စတော့ဖ်ကက်ရှ် (ဂျာမနီ) နှင့် ဂလီဂေါစတိုယာနော့ဗ် (ဆွစ်ဇာလန်)၊ ဘင်တန်ဝိတ် (၅၁ - ၅၄ ကီလို) ငါးချီပြိုင်ပွဲ၌ စောဖိုးခွား (မြန်မာ)နှင့် နဘီးလ်အန်နန် (အယ်လ်ဂျီးရီးယား)၊ လိုက်ဝယ်လ်တာဝိတ် (၆၀ - ၆၃.၅ ကီလို)ငါးချီပြိုင်ပွဲ၌ နာခါ (မြန်မာ)နှင့် ရှားဇော့ဒ်ကာဘူတော့ဗ် (ကာဂျစ္စတန်)။

ဝယ်လ်တာဝိတ် (၆၃.၅ - ၆၇ ကီလို) ငါးချီပြိုင်ပွဲ၌ တော့ဗ်ဖစ် အဗ္ဗဒူလာယက် (ဂျော်ဂျီယာ)နှင့် အိုမာမဟီရာ (ဘယ်လ်ဂျီယံ)၊ ဖယ်သာဝိတ် (၅၄ - ၅၇ ကီလို) ငါးချီပြိုင်ပွဲ၌ နာမိုဟာမက် (ဥဇဘက်ကစ္စတန်)နှင့် မစ်ဂ်မားဆရန်ဘိုခူး (မွန်ဂိုလီးယား)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို CANAL+UFC Fight PASS လိုင်းမှ မြန်မာစံတော်ချိန် ၆ နာရီခွဲတွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

❍ *ကျော့ဖုံးမှ*

အသင်းဖြစ်သည်။ လီဗာပူး၊ ဂျူဗင်တပ်စ်၊ အင်တာမီလန်နှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့က အဆိုပါဖလားကို သုံးကြိမ်စီ ဆွတ်ခူးရရှိထားပြီး ဒုတိယအအောင်မြင်ဆုံးအသင်းများအဖြစ် မှတ်တမ်းတင်ထားသည်။ မန်ယူအသင်းသည် ယူရိုပါလိဂ်ဖလားကို ၂၀၁၇ ခုနှစ် ယူရိုပါလိဂ်ဗိုလ်လုပွဲတွင် အိုင်းယက်စ်အသင်းနှင့် ယှဉ်ပြိုင် ကစားခဲ့ရာ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါနှစ်သင်းမှ ကစားသမားအချို့၏ စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ကြည့်လျှင် တိုက်စစ်ပိုင်းတွင် ဆီဗီလာအသင်းမှ မူနီယာသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ခုနစ်ပွဲ ပါဝင်ကစားထားရာ ငါးဂိုးသွင်းယူပေးထားပြီး ဂိုးရရှိအောင် တစ်ကြိမ်ထောက်ပံ့ပေးထားနိုင်သည်။ မန်ယူအသင်းမှ ဂရင်းဝုဒ်သည် ယူရိုပါလိဂ်တွင် ရှစ်ပွဲပါဝင်ကစားထားရာ ငါးဂိုးသွင်းယူပေးထားပြီး ဂိုးရရှိအောင် တစ်ကြိမ်ကူညီပေးထားနိုင်သည်။ မူနီယာသည် ယူရိုပါလိဂ်ခုနစ်ပွဲတွင် ဂိုးပေါက်တည့်မတ်မှု ၁၂ ကြိမ်မှ ငါးဂိုးရရှိခဲ့ခြင်းဖြစ်ပြီး ဂရင်းဝုဒ်က ယူရိုပါလိဂ်ရှစ်ပွဲတွင် ဂိုးပေါက်တည့်မတ်မှု ကိုးကြိမ်မှ ငါးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ပိုင်းတွင် ဗက်ဇ်ကွက်သည် ရှစ်ပွဲပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းယူပေးကာ ဂိုးရရှိအောင် တစ်ကြိမ် ဖန်တီးပေးထားနိုင်သည်။ ဖာနန်ဒက်ဇ်သည် ကိုးပွဲ ပါဝင်ကစားထားပြီး ခုနစ်ဂိုးအထိ သွင်းယူပေးထားနိုင်ကာ ဂိုးရရှိအောင်လည်း လေးကြိမ်အထိ ဖန်တီးပေးထားနိုင်သည်။ ဖာနန်ဒက်စ်သည် ယူရိုပါလိဂ် သွင်းဂိုးအများဆုံးစာရင်းတွင် ခုနစ်ဂိုးဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ယူရိုပါလိဂ်ဗိုလ်လုပွဲကို ဩဂုတ် ၂၁ ရက်တွင် ဂျာမနီနိုင်ငံ ကိုလုံးရှိ Rhein Energie Stadion ကွင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇော်**

# ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဘိုင်ယန်မြူးနစ်တို့ ဘာစီလိုနာကို ဂိုးပြတ်အနိုင်ယူပြီး အကြိုဗိုလ်လုပွဲတက်ရောက်



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်နှင့် စပိန်ကလပ် ဘာစီလိုနာတို့ပွဲတွင် ရှစ်ဂိုး-နှစ်ဂိုးဖြင့် ဘိုင်ယန်မြူးနစ်အသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲ၌ ပွဲစစချင်း နှစ်သင်းစလုံး တိုက်စစ်မြှင့်ကစားခဲ့ကြပြီး ပွဲချိန်လေးမိနစ်တွင် လီဝမ်ဒေါစကီး ဖန်တီးမှုမှတစ်ဆင့် ဝါရင့်ကစားသမား သောမက်စ်မူလာက ဘိုင်ယန်အတွက် ဦးဆောင်ဂိုးသွင်းယူသည်။ ပွဲချိန် ခုနစ်မိနစ်တွင် ဂျော်ဒီအယ်လ်ဘာပေးပို့မှုကို ဘိုင်ယန်နောက်တန်းကစားသမား အလာဘာ ဖျက်ထုတ်ရာမှ ဂိုးဝင်ခဲ့၍ ဘာစီလိုနာတို့ ချေပဂိုးရရှိခဲ့သည်။ ပွဲချိန် ၂၂ မိနစ်တွင် ဘိုင်ယန်အတွက် ဒုတိယမြောက်ဂိုးကို ပါရီဆစ်က ဘယ်ခြေဖြင့် အပြင်းကန်သွင်းယူခဲ့ပြီး ၂၇ မိနစ်တွင် ဂနာဘရီက တတိယဂိုး၊ ၃၁ မိနစ်တွင် သောမက်စ်မူလာက စတုတ္ထဂိုးသွင်းပေးခဲ့သည်။ ပထမပိုင်းပွဲပြီးချိန်တွင် ဘိုင်ယန်အသင်း လေးဂိုး-တစ်ဂိုးဖြင့်ဦးဆောင်ခဲ့ပြီး ယင်းရလဒ်သည် ဘာစီလိုနာအတွက် ဥရောပပြိုင်ပွဲတွင် ပထမပိုင်းအချိန်အတွင်း လေးဂိုးပေးလိုက်ရသည့် မှတ်တမ်းဝင်ခဲ့သည်။

ဒုတိယပိုင်းအစတွင် ဘိုင်ယန်အသင်းတိုက်စစ်အားချခဲ့ရာမှ ဘာစီလိုနာက အခွင့်ကောင်းယူကာ ပွဲချိန် ၅၇ မိနစ်တွင် ဆွာရက်ဇ်က ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ဘိုင်ယန်အသင်းသည် တိုက်စစ်ပြန်လည်မြှင့်တင်ခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် ကင်မစ်ချ်၊ ၈၂ မိနစ်တွင် လီဝမ်ဒေါစကီး၊ ၈၅ မိနစ်နှင့် ၈၉ မိနစ်တွင် ကော်တင်ဟို (**အပေါ်ဝဲပုံ**) တို့က သွင်းယူခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုမှာ နှစ်သင်းစလုံး မကွာခြားသော်လည်း ဂိုးကန်သွင်းခွင့်မှာ ဘာစီလိုနာသည် ခုနစ်ကြိမ်ရရှိခဲ့ပြီး ငါးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲပြီးချိန်ထိ တိုက်စစ်အားမလျှော့ခဲ့ဘဲ ၂၆ ကြိမ်ထိ ဂိုးကန်သွင်းခွင့်ရခဲ့ပြီး ၁၄ ကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ယင်းပွဲတွင် အကောင်းဆုံးခြေစွမ်းပြခဲ့သည့် ကစားသမားမှာ ဘိုင်ယန်မြူးနစ်မှ သောမက်စ်မူလာဖြစ်သည်။

စပိန်ထိပ်သီးကလပ်နှင့် ဂျာမန်ထိပ်သီးကလပ်နှစ်သင်း တွေ့ဆုံမှုမှာ မှတ်တမ်းဝင်စရာများ အများအပြားရှိခဲ့ပြီး ဘာစီလိုနာသည် ဥရောပပြိုင်ပွဲသမိုင်းတွင် ကွာတားအဆင့်၌ ရှစ်ဂိုးထိ ပေးလိုက်ရသည့် ပထမဆုံးပွဲ ဖြစ်ခဲ့ကာ ချန်ပီယံလိဂ်ကွာတားအဆင့်၌ နှစ်နှစ်ဆက်တိုက် လှည့်ပြန်လိုက်ရသည်။ ဘိုင်ယန်မြူးနစ်အသင်းသည်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတွင် ရှုံးထွက်အဆင့်၌ တစ်ပွဲတည်း ရှစ်ဂိုးသွင်းယူသည့် ပထမဆုံးအသင်းဖြစ်ခဲ့ပြီး ဘိုင်ယန်မြူးနစ်သမိုင်းတွင် ဥရောပပြိုင်ပွဲ၌ လီဝမ်ဒေါစကီးသည် ရှစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားဖြစ်ခဲ့သည်။ ယင်းနှစ်သင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ငါးကြိမ်တွေ့ဆုံခဲ့ရာ ဘိုင်ယန်မြူးနစ်က လေးကြိမ် အနိုင်ရရှိခဲ့ပြီး ဘာစီလိုနာက တစ်ကြိမ်သာ အနိုင်ရရှိထားသည်။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းသည် မန်စီးတီးနှင့် လိုင်ယွန်ပွဲမှ အနိုင်ရရှိမည့်အသင်းနှင့် ဩဂုတ် ၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**

# ကိုဗစ်-၁၉ ကာကွယ်ဆေးမတွေ့မီအချိန်အထိ အင်ဒိုနီးရှားတွင် နိုင်ငံခြားခရီးသွားများအား လက်ခံဦးမည်မဟုတ်




ဂျကာတာ ဩဂုတ် ၁၅

**အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ် -၁၉ အတွက် ကာကွယ်ဆေးမတွေ့မီ အချိန်အထိ နိုင်ငံခြားခရီးသွားများအား လက်ခံဦးမည် မဟုတ်ဟု အစိုးရအရာရှိတစ်ဦးက ဩဂုတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။ ကိုဗစ် -၁၉ ပြင်းပြင်းထန်ထန်ကူးစက်ခံထားရသည့် အင်ဒိုနီးရှားနိုင်ငံတွင် ကာကွယ်ဆေးအတွက် လက်တွေ့ကုသမှုစမ်းသပ်လျက်ရှိသည်။**

နိုင်ငံခြားမှ ခရီးသွားများ ပြန်လည်လက်ခံရန်အတွက် လမ်းကြောင်းများပြန်ဖွင့်ပေးခြင်းမှာ ကောင်းမွန်သည့်အရာဖြစ်သော်လည်း မှန်ကန်သည့် အချိန်ကိုစောင့်ဆိုင်းရန် လိုအပ်ကြောင်း အင်ဒိုနီးရှားအမျိုးသားစီးပွားရေးနှင့် ကိုဗစ် -၁၉ ပြန်လည်ထူထောင်ရေးအဖွဲ့မှ အကြီးအကဲဖြစ်သူ အီရစ်ခ် သိုဟီရာက လူထုနှင့်အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အနောက်ဂျာဗားပြည်နယ် ဘန်ဒေါင်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးအဆင့်-၃ စမ်းသပ်မှုကို ဩဂုတ် ၁၁ ရက်က ပြုလုပ်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှ သိပ္ပံပညာရှင်များ၊ သုတေသီများနှင့် တရုတ်နိုင်ငံအခြေစိုက် ဆေးဝါးထုတ်လုပ်ရေး ဆင်နိုဗစ်ဘိုင်အိုတက်ကုမ္ပဏီနှင့်ပူးပေါင်းကာ လက်တွေ့စမ်းသပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေး စမ်းသပ်မှု ခြောက်လခွဲကာလပြီးဆုံးပါက ကာကွယ်ဆေးထုတ်လုပ်မှုကို ချက်ချင်းစတင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်မှုပျံ့နှံ့နေသော်လည်း အင်ဒိုနီးရှားနိုင်ငံတွင် ခရီးသွားလမ်းကြောင်းများကို ဖြည်းဖြည်းချင်း ပြန်ဖွင့်ပေးနေပြီး နိုင်ငံခြားမှ ခရီးသွားများ ပြန်လည်လက်မခံမီ ပြည်တွင်းခရီးသွားလုပ်ငန်း ပြန်လည်နာလန်ထူရေးကို ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းအထိ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၃၅၁၂၃ ဦးရှိသည်ဟု သိရသည်။

ကျိုဒို

## မက္ကဆီကို - အမေရိကန်နယ်စပ် တစ်စိတ်တစ်ပိုင်းကို စက်တင်ဘာ ၂၁ ရက်အထိ ပိတ်ထားမည်

**မက္ကဆီကိုစီးတီး ဩဂုတ် ၁၅**

အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံနယ်စပ်အကြား အရေးမကြီးသည့်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းကို ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် စက်တင်ဘာ ၂၁ ရက်မတိုင်မီအထိ ပိတ်သွားမည်ဟု မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၁၄ ရက်တွင် ကြေညာခဲ့သည်။

နှစ်နိုင်ငံစလုံးတွင် ကူးစက်ရောဂါထိန်းချုပ်နိုင်မှုကို သုံးသပ်ခဲ့ပြီးနောက် နယ်စပ်တစ်စိတ်တစ်ဒေသကို ယာယီအားဖြင့် ပိတ်ထားသည့် အချိန်ကာလကို တိုးချဲ့ရန် မက္ကဆီကိုဘက်မှ အဆိုပြုခဲ့ခြင်းဖြစ်သည်ဟုနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ နယ်စပ် တစ်စိတ်တစ်ဒေသ ယာယီပိတ်ထားမှုကို မတ် ၂၁ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားလာမှုကိုလည်း ပိတ်ထားခဲ့သည်။ သို့သော်လည်း စီးပွားရေး၊ ဆေးကုသမှုနှင့် မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းများအတွက်ကိုမူ သွားလာခွင့်ပြုထားသည်။

မက္ကဆီကိုနယ်စပ်အနီးရှိ အမေရိကန်ပြည်နယ်များတွင် ကိုဗစ် -၁၉ ကူးစက်ခံရမှု ပြန်လည်မြင့်တက်လာသည့်အတွက် နယ်စပ်ယာယီပိတ်ထားမှုအချိန်တိုးမြှင့်ရန် မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီး မာဆီလို အဲဘရက်က ဩဂုတ် ၁၃ ရက်တွင် ကြေညာခဲ့သည်။ ပုံမှန်အခြေအနေဆိုလျှင် နှစ်နိုင်ငံနယ်စပ်ကို ပညာရေး၊ခရီးသွားလုပ်ငန်းနှင့် ကျောင်းကိစ္စများအတွက်နေ့စဉ်ထောင်နှင့်ချီ၍ ဖြတ်ကျော်လေ့ရှိသည်။

အမေရိကန်ပြည်ထောင်စုသည် ကိုဗစ် – ၁၉ ရောဂါ ဆိုးရွားစွာထိခိုက်နေရသည့် နိုင်ငံဖြစ်ကာ လူပေါင်းငါးသန်းကျော် ကူးစက်ခံထားရပြီး သေဆုံးသူ ၁၆၀၀၀၀ ကျော်ရှိသည်ဟု သိရသည်။ မက္ကဆီကိုနိုင်ငံတွင်လည်း လူပေါင်း ၅၀၀၀၀၀ ကျော် ကူးစက်ခံထားရပြီး သေဆုံးသူ ၅၅၀၀၀ ကျော်ရှိသည်ဟု သိရသည်။

ဆင်ဟွာ

## နိုင်ငံရပ်ခြားမှ အကူအညီများ လက်ဘနွန်နိုင်ငံသို့ဆက်လက်ရောက်ရှိ

**ဘေရွတ် ဩဂုတ် ၁၅**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ဩဂုတ် ၄ ရက်က ပေါက်ကွဲမှုအပြီး နိုင်ငံခြားတိုင်းပြည်များမှ လှူဒါန်းမှုများကို ဩဂုတ် ၁၄ ရက်တွင် ဆက်လက်လက်ခံလျက်ရှိကြောင်း သိရသည်။

ဘေရွတ်မြို့၌ ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၇၇ ဦးသေဆုံးခဲ့ပြီး ၆၀၀၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြသည်ဟု ဒေသတွင်း အယ်လ်ဘီစီ အိုင်တီဗွီ ရုပ်သံလိုင်းတွင် ဖော်ပြခဲ့သည်။ စိန့်ဂျော့ တက္ကသိုလ်ဆေးရုံနှင့် ကာရန်တီနာဆေးရုံတို့တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး လက်ဘနွန်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသည်။

လက်ဘနွန်နိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ဆက်လက်ရှင်သန်နိုင်ရေးနှင့် ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများကို ကုသမှုပေးနိုင်ရေး ယခုလို လုပ်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။



ကာတာနိုင်ငံမှ အကူအညီပေးထားသည့် ယာယီဆေးရုံကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံမှလည်း ဆန်၊ ဂျုံနှင့် ပဲနီကလေး တန်ပေါင်း ၇၀ အကူအညီပေးရန် ကမ်းလှမ်းထားပြီး ပေါက်ကွဲမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် လူပေါင်းများစွာအတွက် မွေ့ရာနှင့် စောင်များ လှူဒါန်းရန်လည်း ကမ်းလှမ်းထားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ရေးပစ္စည်းများကိုလည်း အိန္ဒိယနိုင်ငံက ပေးပို့သွားမည်ဟု သိရသည်။ ကူဝိတ်နိုင်ငံမှ စေလွှတ်လိုက်သည့် လေယာဉ်သည်လည်း အစားအသောက်များ တင်ဆောင်ကာ လက်ဘနွန်သို့ ရောက်ရှိလာသည်။

ထို့ပြင် ဆေးရုံများအတွက် လိုအပ်သည့် ဆေးဝါးများကိုလည်း ထောက်ပံ့ပေးရန် ရုရှားမှ လေယာဉ်စေလွှတ်ခဲ့သည်။ ဂျော်ဒန်နိုင်ငံကလည်း ဆေးပစ္စည်းကိရိယာများကို ဩဂုတ် ၁၄ ရက်က ပေးပို့ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အာဖဂန်အစိုးရက တာလီဘန်အကျဉ်းသား ၈၀ ပြန်လွှတ်ပေး

**ကဘူးလ် ဩဂုတ် ၁၅**

အာဖဂန်နစ္စတန်အစိုးရသည် တာလီဘန် အကျဉ်းသား ၄၀၀ အနက်မှ ၈၀ ကို ဩဂုတ် ၁၃ ရက်တွင် ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အာဖဂန် အမျိုးသား လုံခြုံရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၁၄ ရက်တွင် ပြောကြားခဲ့သည်။

**အကျဉ်းသားများပြန်လွှတ်**

အထွေထွေညီလာခံတွင် တာလီဘန်အကျဉ်းသားများအား ပြန်လွှတ်ပေးရန် သဘောတူပြီးနောက် အကျဉ်းသား ၈၀ ကို ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဂျာဗစ်ဖိုင်ဆယ်က ပြောကြားခဲ့သည်။

**အစိုးရဝန်ထမ်းများ ပြန်လွှတ်ပေးရမည်**

ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်း ကာတာနိုင်ငံတွင် အမေရိကန်နှင့် တာလီဘန်တို့အကြား လက်မှတ်ရေးထိုးထားသည့်ငြိမ်းချမ်းရေးစာချုပ်အရ အာဖဂန်အစိုးရသည် တာလီဘန် အကျဉ်းသားပေါင်း ၅၀၀၀ ကို ပြန်လွှတ်ပေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် တာလီဘန်တို့ဘက်မှ အာဖဂန်အစိုးရတပ်ဖွဲ့ဝင်နှင့် အစိုးရဝန်ထမ်းပေါင်း ၁၀၀၀ ကို ပြန်လွှတ်ပေးရမည် ဖြစ်သည်။ မတ်လမှ စတင်ကာ အာဖဂန်အစိုးရသည် အကျဉ်းသား ၅၁၀၀ ကို ပြန်လွှတ်ပေးခဲ့ပြီး ယင်းထို့ထဲတွင် တာလီဘန် မဟုတ်သည့် အကျဉ်းသားများ ပါဝင်သည်။


ပြန်လွှတ်လာသည့် အကျဉ်းသားများကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။

တာလီဘန်များ ဘက်ကမူ အစိုးရဘက်မှ ဖမ်းဆီးထားသည့် အကျဉ်းသား ၁၀၀၀ ကို ပြန်လွှတ်ပေးခဲ့ပြီးဖြစ်သည်။

**တွန့်ဆုတ်နေခဲ့**

ရာဇဝတ်မှု ကြီးကြီးမားမား ကျူးလွန်ခဲ့သည့် တာလီဘန်အကျဉ်းသား ၄၀၀ ကို ပြန်လွှတ်ပေးရေး အစိုးရဘက်က တွန့်ဆုတ်နေခဲ့သည်။ နိုင်ငံရပ်ခြားမှ အကြမ်းဖက်အဖွဲ့များနှင့် အဆက်အသွယ်ဖြတ်တောက်ရန် အပါအဝင် တာလီဘန်တို့ဘက်မှ ငြိမ်းချမ်းရေး သဘောတူညီမှုကို မည်မျှအထိ လိုက်နာမှုရှိသည်ကို စောင့်ကြည့်ပြီး အမေရိကန်နှင့် နေတိုး မဟာမိတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များသည် နောက်နှစ် ဇူလိုင်လတွင် အာဖဂန်မြေပေါ်မှ ထွက်ခွာမည်ဖြစ်သည်။

ဆင်ဟွာ

## ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်တွင် မြေမြှုပ်မိုင်းကြောင့် လူလေးဦး သေဆုံး

**ဒမတ်စကတ် ဩဂုတ် ၁၅**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ် အီဒလစ်တွင် ဩဂုတ် ၁၅ ရက်က မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် အရပ်သား လေးဦးသေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု အက်အေအင်န်အေ သတင်းဌာနတွင် ဖော်ပြထားသည်။

အီဒလစ်ပြည်နယ် ကျေးလက်ဒေသဖြစ်သည့် ခန်ရှိတ်ဟန်ဒေသတွင် သူပုန်များ ချန်ထားခဲ့သည့် မြေမြှုပ်မိုင်းပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရရှိသူများထဲမှ နှစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိသည်ဟု သိရသည်။

ဆင်ဟွာ

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် လက်နက်ကုန်သွယ်မှုပိတ်ပင်မိန့်ကို ထပ်မံတိုးမြှင့်ရန် အမေရိကန်၏အဆိုပြုချက်ကိုပယ်ချ

**ဂျီနီဗာ ဩဂုတ် ၁၅**

**ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် လက်နက်ကုန်သွယ်မှုပိတ်ပင်မိန့်ကို ထပ်မံတိုးမြှင့်ရန် အမေရိကန်နိုင်ငံ၏ အဆိုပြုမှုကို ပြတ်ပြတ်သားသား ပယ်ချလိုက်သည်။**



ကုလသမဂ္ဂအရေးယူပိတ်ဆို့မှုက အီရန်နိုင်ငံကို သမားရိုးကျစစ်လက်နက်များ ဝယ်ယူခြင်း၊ ရောင်းချခြင်းမှ တားဆီးလိုက်သလို ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုသည် အောက်တိုဘာလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ထပ်မံတိုးမြှင့်ရန်အဆိုပြုချက်ကို အဖွဲ့ဝင် ၁၅ နိုင်ငံပါသော ကောင်စီတွင် ဩဂုတ် ၁၄ ရက်က မဲပေးခဲ့ရာ ရုရှားနှင့် တရုတ်နိုင်ငံတို့က ဆန့်ကျင်ကြပြီး ဗြိတိန်၊ ပြင်သစ်နှင့် အခြားအဖွဲ့ ကိုးဖွဲ့က ကြားနေခဲ့သည်။ အတည်ပြုချက်ရရှိရန်အတွက် အနည်းဆုံးထောက်ခံမဲ ကိုးမဲ လိုအပ်လျက်ရှိရာ နှစ်မဲသာထောက်ခံခဲ့သည့်အတွက် ထပ်မံတိုးမြှင့်ရန် အဆိုပြုချက်သည် အချည်းနှီးဖြစ်ခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ကယ်လီခရက်ဖ်က ယခင်လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ချက်ချင်းထောက်ခံသွားရန် လုပ်ပိုင်ခွင့်ရှိကြောင်း ပြောကြားလိုက်သည်။ အကယ်၍ အီရန်အနေဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက်၏ အစိတ်အပိုင်းကို ချိုးဖောက်ခဲ့ပါက ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက်၏ လုပ်ထုံးလုပ်နည်းအရ ကုလသမဂ္ဂ၏အရေးယူပိတ်ဆို့မှုများကို ပြန်လည်ပြဋ္ဌာန်းနိုင်ကြောင်း သိရသည်။

သို့သော်လည်း ရုရှားနှင့် တရုတ်တို့က လွန်ခဲ့သောနှစ်နှစ်ခန့်ကတည်းက ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ခဲ့သည့် အမေရိကန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏အရေးယူပိတ်ဆို့မှုများကို ပြန်လည်ပြဋ္ဌာန်းရန် လုပ်ပိုင်ခွင့်မရှိကြောင်း အငြင်းပွားလျက်ရှိသည်။

ကြည့်ရသည်မှာ အမေရိကန်နိုင်ငံအနေဖြင့် လက်နက်ကုန်သွယ်မှုပိတ်ပင်မိန့်ကို သက်တမ်းတိုးမြှင့်ရန် ဖိအားပေးလုပ်ဆောင်သွားမည့်သဘောရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက အီရန်ကို နံပါတ်တစ်အကြမ်းဖက်သမားအဖြစ် ရည်ညွှန်းပြောဆိုထားသည်။

အင်န်အိတ်ချ်ကေ

# နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုးအတွက် သောက်ဆေးပမာဏ သန်း ၉၀ ရှိကြောင်း ဗြိတိန်ပြော

**လန်ဒန် ဩဂုတ် ၁၅**

ဗြိတိန်အစိုးရက လတ်တလောစမ်းသပ်နေသည့် ကိုဗစ် - ၁၉ ကာကွယ်ဆေးနှစ်မျိုးအတွက် တစ်ခါသောက်ဆေးပမာဏ သန်း ၉၀ ခန့် ရှိကြောင်း ပြောကြားလိုက်သည်။

သဘောတူညီချက်အရ ဗြိတိန်သည် အမေရိကန် ဇီဝနည်းပညာကုမ္ပဏီဖြစ်သော နိုဗာဗက်ထံမှ တစ်ခါသောက် ဆေးပမာဏသန်း ၆၀ ရရှိမည်ဖြစ်ပြီး အမေရိကန် ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သော ဂျွန်ဆန်အင်န်ဂျွန်ဆင်ထံမှ တစ်ခါသောက်ဆေးပမာဏသန်း ၃၀ ရရှိမည်ဖြစ်သည်။

နိုဗာဗက်၏ ကိုဗစ်-၁၉ ကာကွယ်ဆေးတချို့ကို ဗြိတိန်တွင် ထုတ်လုပ်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုးလုံးကို ဗြိတိန်တွင် ရရှိအောင် နောက်နှစ် နှစ်လယ်ထက် တတ်နိုင်သမျှ စောစွာရရှိအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗြိတိန်အစိုးရက ပြောကြားလိုက်သည်။



ကိုဗစ်-၁၉ ကာကွယ်ဆေးစမ်းသပ်နေသည်ကို တွေ့ရစဉ်။

ကာကွယ်ဆေး ရရှိချိန်တွင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် အသက်ကြီးသူများကို ဦးစားပေးအနေဖြင့် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်သည် နောက်ထပ်ကာကွယ်ဆေးလေးမျိုးကို ထောက်ပံ့ပေးရန်လည်း စီစဉ်ထားသည်။ ၎င်းကာကွယ်ဆေး လေးခုအနက် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ အက်စ်တရာဇနီးကားတို့မှ ပူးပေါင်းထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးလည်း ပါဝင်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို ဘေးအန္တရာယ်ကင်းပြီး အကျိုးသက်ရောက်မှုရှိရန် ဆေးဝါးကုမ္ပဏီများက ကုသမှုဆိုင်ရာ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# ဘီလာရုစ်အပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် ဆုံးဖြတ်ချက်မူကြမ်းကို အီးယူသဘောတူ

**ဘရပ်ဆဲလ် ဩဂုတ် ၁၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များက သမ္မတရွေးကောက်ပွဲအပေါ် နေ့စဉ်ဆန္ဒပြသူများကို အင်အားသုံးဖြိုခွဲမှုများ လုပ်ဆောင်သောကြောင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများက ဘီလာရုစ်အပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် ဆုံးဖြတ်ချက်မူကြမ်းကို သဘောတူလိုက်သည်။

အီးယူနိုင်ငံခြားရေးဝန်ကြီးက အရေးယူ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ဩဂုတ် ၁၄ ရက်က အွန်လိုင်းအစည်းအဝေးတစ်ခု ပြုလုပ်ခဲ့သည်။ အီးယူက ဘီလာရုစ်အာဏာပိုင်များကို လွန်ခဲ့သောတနင်္ဂနွေနေ့ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆန္ဒပြသူများကိုအကြမ်းဖက်အင်အားသုံးကာ ဖြိုခွင်းခဲ့သည်ဟု စွပ်စွဲပြောကြားလိုက်သည်။

ထို့အပြင် အီးယူနိုင်ငံခြားရေးဝန်ကြီးများက ဘီလာရုစ်၏ ဆန္ဒမဲများသည် ပြည်သူလူထု၏ သဘောထားကို မထင်ဟပ်စေကြောင်း ပြောကြားလိုက်သည်။ မဲအကြံအဖန်လုပ်သည်ဟု စွပ်စွဲမှုများရှိနေသော်လည်း ဘီလာရုစ်သမ္မတ အလက်ဇန်ဒါလူကာရှန်ကိုသည် ရွေးကောက်ပွဲ အနိုင်ရရှိခဲ့သည်။

အီးယူနိုင်ငံခြားရေးဝန်ကြီးများသည် အရေးယူဆောင်ရွက်မှုပြုလုပ်မည့်ဆုံးဖြတ်ချက်မူကြမ်းကို သဘောတူခဲ့ပြီး အရေးယူမှုပြုလုပ်မည့်လူများကို စာရင်းပြုစုထားကြောင်း သိရသည်။

သမ္မတလူကာရှန်ကို အစိုးရသည် အတိုက်အခံများကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မီဒီယာစိစစ်ဖြတ်တောက်မှုများ ပြုလုပ်သည်ဆိုကာ အီးယူသည် ဘီလာရုစ်နိုင်ငံကို ၂၀၁၁ ခုနှစ်က အရေးယူပိတ်ဆို့မှု ပြုလုပ်ခဲ့သည်။

အဆိုပါ အရေးယူပိတ်ဆို့မှုများတွင် အစိုးရအရာရှိများ၏ တန်ဖိုးရှိပစ္စည်းများကိုလည်း ထိန်းချုပ်ကန့်သတ်လိုက်ပြီး ခရီးသွားလာခွင့်များကိုလည်း ကန့်သတ်လိုက်သည်။

သို့သော်လည်း အီးယူက ဘီလာရုစ်နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေသည် တိုးတက်လာပြီဟုဆိုကာ လွန်ခဲ့သောလေးနှစ်က အရေးယူပိတ်ဆို့မှုအချို့ကို ဖယ်ရှားပေးခဲ့သည်။



ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်ကို တွေ့မြင်ရစဉ်။

အင်န်အိတ်ချ်ကေ

## အစားအသောက်မှတစ်ဆင့် ကိုဗစ် - ၁၉ ကူးစက်ပြန့်ပွားသည့် အထောက်အထားမတွေ့ရဟုပြော

**ဂျီနီဗာ ဩဂုတ် ၁၅**

ကိုဗစ်-၁၉ သည် အစားအစာထုတ်လုပ်မှုနှင့် ဖြန့်ချိမှုမှတစ်ဆင့် ကူးစက်ပြန့်ပွားသည့်သက်သေအထောက်အထားမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံမှ တင်သွင်းသည့် ရေခဲရိုက်ကြက်သားများတွင် ကိုဗစ်-၁၉ ပိုးပါသည့် လက္ခဏာများတွေ့ရှိခဲ့သည်ဟု တရုတ်နိုင်ငံက ကြေညာပြီးနောက် ယခုလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ နည်းပညာအကြီးအကဲ မီးစ်မာရီယာဗန်ကာဟော့ဗ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ယခုသတင်းများကိုသိကြောင်း ပြောကြားလိုက်သည်။

သို့သော် တရုတ်နိုင်ငံသည် သန်းချီသည့်နမူနာစမ်းသပ်မှုများ ပြုလုပ်ပြီးသည့်နောက် ယခုလိုလက္ခဏာတွေ့ရှိခြင်းသည် အနည်းငယ်မျှသာဖြစ်ကြောင်း၎င်းက ပြောသည်။ “အသားတွေမှာ ဒီဗိုင်းရပ်စ်ရှိတယ်ဆိုရင်တောင် သေသေချာချာ ချက်ပြုတ်လိုက်ရင် သေသွားမှာဖြစ်တယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အစီအစဉ်၏ အကြီးအကဲ မိုက်ကယ်ရိုင်ယန်က တာဝန်ရှိသူများအနေဖြင့် ရောဂါပိုးလမ်းကြောင်းကို ခြေရာခံရှာဖွေမှုများဆက်လုပ်သွားမည်ဖြစ်သော်လည်း ဒီဗိုင်းရပ်စ်က အစားအသောက်များကတစ်ဆင့် ကူးစက်သည်ဆိုသည့် သက်သေအထောက်အထားမရှိကြောင်း ပြောကြားသည်။

အင်န်အိတ်ချ်ကေ

## အရှေ့အလယ်ပိုင်းဒေသများတွင် ကိုဗစ် – ၁၉ ကူးစက်မှု ပြန်လည်တိုးလာနိုင်

**ရာမာလာ ဩဂုတ် ၁၅**

အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအများအပြားတွင် ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရမှုတိုးလာခဲ့ပြီး ပြန်လည်လျော့ကျလာမည့်အလားအလာ မတွေ့ရှိသေးကြောင်း ဆင်ဟွာသတင်းအချက်အလက်များအရ သိရသည်။

အီရတ်နိုင်ငံတွင် ဘာသာရေးပွဲတော်ပြုလုပ်ပြီး နောက်ပိုင်းတွင် ကပ်ရောဂါပြန့်ပွားမှုအခြေအနေက ပိုမိုဆိုးရွားလာပြီးနောက် နေ့စဉ်ရောဂါထပ်မံကူးစက်ခံရသူ အဆက်မပြတ်တိုးလာခဲ့သည်။ အီရတ်နိုင်ငံတွင် ဩဂုတ် ၁၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၄၀၁၃ ဦး ရှိပြီး တစ်နေ့အတွင်း ကူးစက်မှုအများဆုံးဖြစ်ခဲ့သည်။

အီရတ်နိုင်ငံတွင် ဩဂုတ် ၁၄ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၁၆၈၂၉၀ အထိရောက်ရှိလာပြီး သေဆုံးသူ ၅၇၀၉ ဦး ရှိခဲ့သည်။ ရောဂါမှ ပြန်လည်သက်သာလာသူ ၁၂၀၁၂၉ ဦးရှိကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေးနိုင်ငံတွင်လည်း လူစုလူဝေးပြုလုပ်နိုင်သည့်အရေအတွက်ကို ကန့်သတ်ချက်ပြုလုပ်ခဲ့ပြီး ကွင်းပြင်တွင် အများဆုံး လူ ၃၀ သာ စုဝေးခွင့်ရှိကြောင်း သိရသည်။

အစ္စရေးနိုင်ငံတွင် ဩဂုတ် ၁၄ ရက်က လူပေါင်း ၁၂၅၈ ဦး ကိုဗစ်-၁၉ ထပ်မံကူးစက်ခဲ့ပြီး စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၁၀၈၀ အထိ ရောက်ရှိလာခဲ့ကာ သေဆုံးသူ ၆၆၅ ဦးအထိရှိကြောင်း၊ ရောဂါမှပြန်လည်သက်သာလာသူ ၆၆၉၆၅ ဦးရှိကြောင်း အစ္စရေးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# ပါလက်စတိုင်းတို့အတွက် အိပ်မက်ဆိုးဖြစ်စေတဲ့ အစ္စရေး- ယူအေအီး ငြိမ်းချမ်းရေးသဘောတူညီမှု

မြူးစန္ဒီနွေး



"အစ္စရေးနဲ့ ငြိမ်းချမ်းရေးသဘောတူညီမှု လုပ်ဆောင်တဲ့နည်းလမ်းကသာလျှင် အစ္စရေးတို့ရဲ့နယ်မြေကျူးကျော်မှုကို ရပ်ဆိုင်းအောင်လုပ်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းလို့ ယူအေအီးနိုင်ငံဘက်က မျှော်လင့်ထားပါတယ်။ ဒါပေမယ့် ဒီသဘောတူညီမှုဟာ ပါလက်စတိုင်းတို့ရဲ့ အမှီအခိုကင်းတဲ့ နိုင်ငံတည်ဆောက်ရေးအတွက် အခွင့်အရေးတွေကို လျှော့ပါးသွားစေတယ်လို့ ပါလက်စတိုင်းတို့ဘက်က ပြောပါတယ်"

အမေရိကန်က ကမကထပြုလုပ်ပြီး ဆောင်ရွက်ပေးခဲ့တာကြောင့် အစ္စရေးနဲ့ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တို့အကြား ငြိမ်းချမ်းရေးသဘောတူညီမှုရရှိသွားပြီး နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ပါတော့မယ်။

## ဒေါသထွက်စရာအဖြစ်ကျန်ရှိ

ဒါဟာ အစ္စရေးနဲ့ အာရပ်တွေကြားမှာ လိပ်ခဲတည်းလည်း ဖြစ်နေတဲ့ အခြေအနေကို ကျော်လွှားနိုင်လိုက်တာပါပဲ။ ဒါပေမယ့် ပါလက်စတိုင်းတွေအတွက်တော့ အစ္စရေးနဲ့ ယူအေအီးတို့အကြား အဆင်ပြေသွားမှုဟာ ဒေါသထွက်စရာအဖြစ် ကျန်ရှိနေပါတယ်။ ဒီငြိမ်းချမ်းရေးသဘောတူညီမှုဟာ အပေါ်ယံအားဖြင့်ကြည့်မယ်ဆိုရင် ဘာမှမထူးခြားပေမယ့် အမေရိကန်သမ္မတထရမ့်အစိုးရအဖွဲ့အတွက်တော့ ရွေးကောက်ပွဲမတိုင်မီ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အောင်မြင်မှုတစ်ရပ်ပါပဲ။ ဩဂုတ် ၁၃ ရက်မှာတော့ အမေရိကန်သံတမန်တွေဟာ ငြိမ်းချမ်းရေးသဘောတူညီမှုမှာ အောင်အောင်မြင်မြင်စွမ်းဆောင်နိုင်ခဲ့တယ်လို့ သမ္မတထရမ့်က ကြေညာခဲ့ပါတယ်။ ဒီသဘောတူညီမှုကတော့ ရှင်းလင်းပါတယ်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ပါလက်စတိုင်းနယ်မြေတွေ တစ်ဖက်သတ်သိမ်းယူခြင်းအစီအစဉ်ကို ရွှေ့ဆိုင်းထားမှာဖြစ်ပြီး အဲဒီအတွက် ယူအေအီးနိုင်ငံက ပုံမှန်ဆက်ဆံရေးတွေ ပြန်လည်လုပ်ဆောင်ပေးရမှာပဲဖြစ်ပါတယ်။

## နွေးထွေးတဲ့ဆက်ဆံရေးကို ပြသ

အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းနဲ့ အစ္စရေးထက်ဝက်နီးပါးကျော်က ပါလက်စတိုင်းနယ်မြေတွေမှာ ကျူးကျော်တဲ့အစီအစဉ်ကို လက်မခံတဲ့နောက် အစ္စရေးဝန်ကြီးချုပ်က နယ်မြေကျူးကျော်ရေး အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ပြီးသားပါ။ ယူအေအီး နိုင်ငံဘက်က ကြည့်မယ်ဆိုရင်လည်း အစ္စရေးနဲ့ ပုံမှန်ဆက်ဆံရေးတွေ ပြုလုပ်ခြင်းအားဖြင့် ပါလက်စတိုင်းတွေကို ပေးထားတဲ့ ကတိချိုးဖောက်ပြီးသလို ဖြစ်နေပါပြီ။ မကြာသေးခင်ကပဲ ပါလက်စတိုင်းတွေအတွက် ထောက်ပံ့ရေးပစ္စည်းတွေ သယ်ဆောင်လာတဲ့ ယူအေအီးလေယာဉ်တွေဟာ အစ္စရေးလေဆိပ်တွေမှာ တိုက်ရိုက်ပျံသန်းခွင့်ရခဲ့ပါတယ်။ နောက်ပြီး အစ္စရေးနဲ့ ယူအေအီးက အားကစားသမားတွေဟာ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲတွေမှာ အတူတကွပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နွေးထွေးတဲ့ ဆက်ဆံရေးကို ပြသခဲ့ကြပါတယ်။

## ၂၀၀၂ ခုနှစ်က ပြုလုပ်ခဲ့သောညီလာခံ

အာရပ်အသင်းအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ယူအေအီးဟာ ၂၀၀၂ ခုနှစ်က ပြုလုပ်ခဲ့တဲ့ အာရပ်ငြိမ်းချမ်းရေးလှုပ်ရှားမှုညီလာခံမှာ ၁၉၆၇ ခုနှစ်က အစ္စရေးတို့ အာရပ်နယ်မြေတွေ သိမ်းပိုက်မှုကို အဆုံးသတ်ဖို့အတွက် တောင်းဆိုခဲ့ပါတယ်။ အဲဒီညီလာခံကို လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မှာကျင်းပခဲ့ပြီး ပါလက်စတိုင်းနဲ့ အစ္စရေးတို့အကြားပဋိပက္ခကို ဖြေရှင်းပေးရေးလှုပ်ရှားတဲ့ အရွေ့တစ်ခုလည်းဖြစ်ပါတယ်။ အဲဒီတုန်းက ဆုံးဖြတ်ခဲ့တာက အာရပ်နဲ့ ပါလက်စတိုင်းတို့ဆီကနေ သိမ်းပိုက်ထားတဲ့ နယ်မြေတွေက အစ္စရေးနောက်ဆုတ်ပေးမှသာ အစ္စရေး၊ အာရပ်နဲ့ အစ္စလာမ္မစ်နိုင်ငံတွေအကြား ပုံမှန်ဆက်ဆံရေး ပြန်လည်စတင်မယ်လို့ သဘောတူခဲ့ကြပါတယ်။

## အခွင့်အရေးအဖြစ် မျှော်လင့်ထား

အမေရိကန်ပြည်ထောင်စုအပါအဝင် ပါလက်စတိုင်းနဲ့ ကမ္ဘာ့နိုင်ငံအများအပြားဟာ ၁၉၆၇ ခုနှစ် အစ္စရေးတို့သိမ်းယူခဲ့တဲ့ နယ်မြေတွေကို သိမ်းပိုက်ခံရတဲ့ နယ်မြေတွေအဖြစ် သတ်မှတ်ထားပါတယ်။ ဒေသတွင်းနဲ့ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုတွေမှာ ဒီအချက်ဟာ ပြောစရာဖြစ်နေပါတယ်။ ဒေါ်နယ်ထရမ့် သမ္မတဖြစ်လာတဲ့အခါမှာတော့ ထရမ့်ရဲ့အစိုးရအဖွဲ့ဟာ အစ္စရေးတို့ လုပ်သမျှကိုလျစ်လျူရှုကာ ပါလက်စတိုင်းတွေကို ငြိမ်းချမ်းရေးဆွေးနွေးပွဲဆီ ခေါ်ဆောင်လာနိုင်ခြင်း မရှိခဲ့ပါဘူး။ အခုအချိန်မှာ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုဟာ အကျင့်ပျက်ခြစားမှုအတွက် အမှုရင်ဆိုင်နေရပြီး Blue and White ပါတီနဲ့ ပူးပေါင်းပြီး ညွန့်ပေါင်းအစိုးရဖွဲ့ထားရပါတယ်။ ဒီလိုအချိန်မျိုးမှာ ယူအေအီးနဲ့ ငြိမ်းချမ်းရေးလုပ်နိုင်ပြီး သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်မယ်ဆိုရင် နောက်တစ်ကြိမ်ရွေးကောက်ပွဲဖြစ်လာခဲ့ရင် အရေးသာဖို့ အခွင့်အရေးဖြစ်လာနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

အမေရိကန်သမ္မတထရမ့်အနေနဲ့လည်း ရွေးကောက်ပွဲအကြိုစစ်တမ်းကောက်ယူမှုတွေမှာ အရေးမသာဖြစ်နေတဲ့အချိန် ဇီယွန်းနစ်လိုလားသူတွေဆီကနေ ထောက်ခံမှုကို ပိုမိုမျှော်လင့်နိုင်ပါတယ်။ မဲဆွယ်လှုပ်ရှားမှုအတွက် ရန်ပုံငွေကိုလည်း နေတန်ယာဟုကို လိုလားတဲ့ဘီလျံနာကြီးတွေဆီက မျှော်လင့်လို့ရပါတယ်။

## သံတမန်ရေးရာ အောင်မြင်မှုပြသဖို့လို

ယူအေအီး အိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဇာယက်ဟာဆိုရင် ယူအေအီးလက်နက်ကိုင်တပ်ဖွဲ့ရဲ့ ဒုတိယစစ်ဦးစီးချုပ်လည်း ဖြစ်ပါတယ်။ သူဟာ လစ်ဗျားနဲ့ ယီမင်တို့မှာ နိုင်ငံရေးအရသာမက စစ်ရေးအရပါ အရေးနိမ့်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ရေနံကြွယ်ဝပြီး ခရီးသွားလုပ်ငန်းအပေါ် မှီခိုနေရတဲ့နိုင်ငံအတွက် ကိုဗစ် -၁၉ ရောဂါဟာလည်း စီးပွားရေးကိုထိခိုက်စေတဲ့ အဓိကပြဿနာတစ်ခုပါပဲ။ ဒီလိုအခြေအနေမျိုးမှာ အိမ်ရှေ့မင်းသားအနေနဲ့ အခြေခိုင်ဖို့ဆိုရင် သံတမန်ရေးရာအရ အောင်မြင်မှုကိုပြသဖို့ လိုအပ်လာပါတယ်။ အမေရိကန်သမ္မတ၊ အစ္စရေးဝန်ကြီးချုပ်နဲ့ ယူအေအီးအိမ်ရှေ့မင်းသားတို့ ပူးတွဲထုတ်ပြန်တဲ့ ထုတ်ပြန်ချက်မှာတော့ ငြိမ်းချမ်းရေးသဘောတူညီမှုရရှိပြီလို့ ကြေညာခဲ့ပါတယ်။ နှစ်နိုင်ငံတိုက်ရိုက်ဆက်ဆံရေးကို အခြေခံပြီး ငြိမ်းချမ်းရေးသဘောတူညီမှု ရရှိတာပဲဖြစ်တယ်လို့ ကြေညာခဲ့ကြပါတယ်။

## ပါလက်စတိုင်းသမ္မတ၏အမြင်

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကတော့ ဒီသဘောတူညီမှုကို လက်မခံနိုင်ပါဘူး။ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ကို အရေးပေါ်အစည်းအဝေးခေါ်ယူခဲ့ပြီး ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့ပါတယ်။ အစ္စရေးနဲ့ ယူအေအီးတို့အကြား သဘောတူညီမှုဟာ ပါလက်စတိုင်းပြည်သူတွေအပေါ် ကျူးကျော်ရန်စမှုဖြစ်ပြီး ပါလက်စတိုင်းတွေရဲ့ အခွင့်အရေးနဲ့ မြင့်မြတ်တဲ့နေရာတွေကို စွန့်လွှတ်လိုက်ရတာပဲဖြစ်တယ်လို့ ပါလက်စတိုင်းသမ္မတက ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

## လမ်းစတစ်ခု

အစ္စရေးနဲ့ ငြိမ်းချမ်းရေးသဘောတူညီမှု လုပ်ဆောင်တဲ့နည်းလမ်းကသာလျှင် အစ္စရေးတို့ရဲ့နယ်မြေကျူးကျော်မှုကို ရပ်ဆိုင်းအောင်လုပ်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းလို့ ယူအေအီးနိုင်ငံဘက်က မျှော်လင့်ထားပါတယ်။ ဒါပေမယ့် ဒီသဘောတူညီမှုဟာ ပါလက်စတိုင်းတို့ရဲ့ အမှီအခိုကင်းတဲ့ နိုင်ငံတည်ဆောက်ရေးအတွက် အခွင့်အရေးတွေကို လျှော့ပါးသွားစေတယ်လို့ ပါလက်စတိုင်းတို့ဘက်က ပြောပါတယ်။ အစ္စရေးနဲ့ ယူအေအီးတို့အကြား နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ပြုလုပ်မှုကနေ တခြားသော အာရပ်နိုင်ငံတွေနဲ့လည်း စီးပွားရေးအရ ဆက်ဆံရေးတွေ တရားဝင်ပြုလုပ်လာနိုင်ဖို့ လမ်းစဖြစ်လာနိုင်ပါတယ်။

## တခြားသောအာရပ်နိုင်ငံများနှင့်ဆက်ဆံရေး

အိုမန်၊ ဘာရိန်းအပါအဝင် တချို့သော အာရပ်နိုင်ငံတွေနဲ့ လျှို့ဝှက်ဆက်ဆံရေးရှိပြီး ကောင်းမွန်တဲ့ဆက်ဆံရေးရှိတယ်လို့ အစ္စရေးဝန်ကြီးချုပ်က ထပ်ခါထပ်ခါ ပြောခဲ့ဖူးပါတယ်။ အခု ယူအေအီးနဲ့ တရားဝင်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ပြီဖြစ်တာကြောင့် တခြားသော အာရပ်နိုင်ငံတွေနဲ့လည်း ပွင့်ပွင့်လင်းလင်းဖြစ်လာဖွယ်ရာရှိပါတယ်။

အမေရိကန်သမ္မတထရမ့်ရဲ့ အကြံပေးလည်းဖြစ် သမက်လည်းဖြစ်တဲ့ ဂျားကက်ရှ်နာကတော့ ယူအေအီးနဲ့ အစ္စရေးတို့အကြား သဘောတူညီမှုဟာ သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ပြီး တခြားသော အာရပ်တိုင်းပြည်တွေလည်း ယူအေအီးလို လုပ်ဆောင်ဖို့ မျှော်လင့်ထားတယ်လို့ ပြောကြားခဲ့ပါတယ်။ ။

ကိုးကား- ဝါရှင်တန်ပို့စ် ၊ ဆင်ဟွာ

---

## နိုင်ငံတကာသတင်းတိုထွာ

### အီဂျစ်နိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၂ ဦး တွေ့ရှိ

ကိုင်ရို ဩဂုတ် ၁၅

အီဂျစ်နိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၂ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု ဩဂုတ် ၁၄ ရက်က ကြေညာခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၉၆၂၂၀ ဖြစ်လာကြောင်း သိရသည်။

အီဂျစ်တွင် နေ့စဉ်ကူးစက်မှု ၂၀၀ အောက် လျော့ကျခဲ့သည်မှာ ၁၃ ရက် ဆက်တိုက်ရှိလာပြီဖြစ်သည်။ ဇူလိုင် ၂၃ ရက်မှစတင်ကာ အီဂျစ်တွင် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၂၀၀ အထက်တွင် ရှိနေခဲ့သည်။ အီဂျစ်နိုင်ငံသည် လူဦးရေထူထပ်သည့် အာရပ်နိုင်ငံဖြစ်ပြီး ဖေဖော်ဝါရီ ၁၄ ရက်မှစတင်ကာ ကိုဗစ် -၁၉ ကူးစက်မှုကို စတင်တွေ့ရှိခဲ့သည်။

လွန်ခဲ့သည့်သီတင်းပတ်မှစတင်ကာ အီဂျစ်နိုင်ငံအတွင်းသို့ ဝင်ရောက်မည့်သူတိုင်း ကိုဗစ်-၁၉ ကင်းရှင်းကြောင်း လက်မှတ်ပြသရန် လိုအပ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။ အီဂျစ်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူပေါင်း ၅၁၂၄ ဦးရှိပြီး စုစုပေါင်းပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၅၇၈၅၈ ဦး ရှိကြောင်း သိရသည်။

ဆင်ဟွာ

### ပေကျင်းတွင် ကိုဗစ် -၁၉ ကူးစက်မှုပေါ်ပေါက်စေခဲ့သည့် ဆင်ဖာဒီလက်ကားဈေးကြီးကို ပြန်လည်ဖွင့်လှစ်

ပေကျင်း ဩဂုတ် ၁၅

လွန်ခဲ့သောနှစ်လခန့်က ကိုဗစ် -၁၉ ကူးစက်မှု အစုလိုက်ဖြစ်ပွားခဲ့ပြီး ယင်းသို့ကူးစက်မှုများမှာ ဆင်ဖာဒီလက်ကားဈေးကြီးနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆခဲ့သည့်အတွက် ဈေးကြီးကို ပိတ်ထားခဲ့ပြီးနောက် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။

သစ်သီးနှင့်ဟင်းသီးဟင်းရွက်တန်ချိန် ၁၃၀၀ ကို သယ်ယူပို့ဆောင်ပေးမည့် ထရပ်ကား ၁၀၀၀ ကျော်မှာလည်း လုပ်ငန်းများ ပြန်လည်လည်ပတ်နေပြီဖြစ်သည်။ စက်တင်ဘာ ၁၀ ရက်တွင် ဈေးကြီးကို ပုံမှန်အနေအထားအတိုင်း ပြန်လည်ဖွင့်လှစ်သွားမည်ဟု ဖန်တိုင်ခရိုင်မှ ဒုတိယအကြီးအကဲဖြစ်သူ အဟူစင်ချွမ်က ပြောသည်။

အဆိုပါဈေးကြီးသည် ပေကျင်းမြို့အတွက် သစ်သီးဝလံ ၇၀ ရာခိုင်နှုန်း၊ ဝက်သား ၁၀ ရာခိုင်နှုန်း၊ အမဲသားနှင့် သိုးသား ၃ ရာခိုင်နှုန်းကို ထောက်ပံ့ပေးနေသော ဈေးဖြစ်သည်။ သို့သော်လည်းကိုဗစ် -၁၉ အစုလိုက် ကူးစက်မှုများ ပေါ်ပေါက်လာသည့်အတွက် ဇွန် ၁၃ရက်က ပိတ်လိုက်ရသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၈၄ ရက်သာ**

**လိုတော့သည်။**

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

➢ သာသနာ့ဝန်ထမ်း၊

➢ ထောင်ဒဏ်ကျခံနေရသူ၊

➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊

➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ခရမ်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ကျန်ရှိမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

ခရမ်း ဩဂုတ် ၁၅

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ကျန်ရှိမှု မရှိစေရေးအတွက် မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ကရင်စုကျေးရွာအုပ်စု၊ ဘုရားပျိုကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာအုပ်စု၊ ညောင်လန်းကျေးရွာအုပ်စု၊ ပျဉ်းမကုန်းကျေးရွာအုပ်စုတို့ကို ယနေ့မွန်းလွဲပိုင်း၌ မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းနှင့် မြို့နယ်တာဝန်ရှိသူများ၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ကရင်စုကျေးရွာအုပ်စု၊ ဘုရားပျိုကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာအုပ်စု၊ ညောင်လန်းကျေးရွာအုပ်စု၊ ပျဉ်းမကုန်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာခွဲများမှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ ပူးပေါင်း၍ နေအိမ်များသို့ ကွင်းဆင်း၍ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်မှု ရှိ မရှိ စိစစ်ခြင်း၊ မဲစာရင်းတွင် ပါရှိသည့် အချက်အလက်များ မှန်ကန်မှု ရှိ မရှိ တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး ကျန်ရှိသူများကို မဲစာရင်းတွင် ပါဝင်ခွင့်ရရှိရေး ပုံစံ (၃-က) ဖြင့် လျှောက်ထားနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## ရွေးကောက်ပွဲများသည်-

➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။

➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။

➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ငါးပုစွန် ကဏ္ဍ



မြန်မာနိုင်ငံတွင် ငါးအမျိုးအစားပေါင်း များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံက ထွက်သည့် ငါးအမျိုးအစားအနည်းငယ်ကိုသာ နိုင်ငံခြားသားများက သိရှိပါကြောင်း၊ ကျန်ငါးအမျိုးအစားများကိုလည်း သိရှိလာအောင်နှင့် ဈေးကွက်ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်စေလိုပါကြောင်း၊ ကြာရှည်ထားရန် မလွယ်သည့် ရေထွက်ပစ္စည်းများကို ကြာရှည်ထားနိုင်သော တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်နိုင်ပါက ငါးပုစွန် ကဏ္ဍအတွက် အလွန်အကျိုးအမြတ်ရှိမည်ဟု ထင်ပါကြောင်း။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၅-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၄၄၀)ခုတွင်
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၁၆၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၇၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၃) ခု၊
- စုစုပေါင်း (၁,၉၀၈)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

၃။ (၁၅-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၇၄) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၅-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၄-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၄၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၅-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၇၄၉)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၁၀) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၁၄) ခု
- စုစုပေါင်း (၁၃၈၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၅-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၄၉) ခု |
| (၁၅-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၂) ခု |
| (၁၅-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၀) ခု |
| (၁၅-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၂။ (၁၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၇၄) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case- 315, 316) ရှိသဖြင့် စုစုပေါင်း (၃၂၄) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၁၇) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၄-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၅-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၇၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၂၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၄၀၃၅ | ၃၇၄ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၂၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၀၃၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၁၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၈၆ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၇၄ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၅-၈-၂၀၂၀ ရက်၊ ည (၈) နာရီ




## ၁၅-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၄၇၈၀၀၉ | ၂၈၇၆၀၈၀ | ၁၇၁၅၆၈ |
| ၂။ | ဘရာဇီး | ၃၂၇၈၈၉၅ | ၂၃၈၄၃၀၂ | ၁၀၆၅၇၁ |
| ၃။ | အိန္ဒိယ | ၂၅၄၅၀၆၂ | ၁၈၂၄၉၄၀ | ၄၉၃၂၃ |
| ၄။ | ရုရှား | ၉၁၇၈၈၄ | ၇၂၉၄၁၁ | ၁၅၆၁၇ |
| ၅။ | တောင်အာဖရိက | ၅၇၉၁၄၀ | ၄၆၁၇၃၄ | ၁၁၅၅၆ |
| ၆။ | ပီရူး | ၅၁၆၂၉၆ | ၃၅၄၂၃၂ | ၂၅၈၅၆ |
| ၇။ | မက္ကဆီကို | ၅၁၁၃၆၉ | ၃၄၅၆၅၃ | ၅၅၉၀၈ |
| ၈။ | ကိုလံဘီယာ | ၄၄၅၁၁၁ | ၂၆၁၂၉၆ | ၁၄၄၉၂ |
| ၉။ | ချီလီ | ၃၈၂၁၁၁ | ၃၅၅၀၃၇ | ၁၀၃၄၀ |
| ၁၀။ | စပိန် | ၃၅၈၈၄၃ | စိစစ်ဆဲ | ၂၈၆၁၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၅- ၈ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၅၇၉၁၈ | ၅၂၂၀၉ | ၂၆၀၀ |
| အင်ဒိုနီးရှား | ၁၃၇၄၆၈ | ၉၁၃၂၀ | ၆၀၇၁ |
| စင်ကာပူ | ၅၅၆၆၁ | ၅၁၀၄၉ | ၂၇ |
| မလေးရှား | ၉၁၇၅ | ၈၈၃၁ | ၁၂၅ |
| ထိုင်း | ၃၃၇၆ | ၃၁၉၃ | ၅၈ |
| ဗီယက်နမ် | ၉၅၀ | ၄၄၇ | ၂၃ |
| မြန်မာ | ၃၇၄ | ၃၂၄ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၂၉ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| လာအို | ၂၂ | ၁၉ | ၀ |

# မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၁ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၁၅

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၁ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။



ပြန်လည် ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ပြန်လည် ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၁၅ ရက်အထိ ၉၀၆၈ ဦး စုစုပေါင်း ၆၄၆၈၃ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၉၈ ဦး၊ အမျိုးသမီး ၁၁၃ ဦး စုစုပေါင်း ၃၁၁ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# ကိုဗစ်- ၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဘီးလင်းမြို့၌ ကျေးရွာမတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

ဘီးလင်း ဩဂုတ် ၁၅

နိုင်ငံတော်မှ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးက အမှာစကားပြောကြားပြီး မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးမောင်က စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက စီမံကိန်းကျေးရွာကော်မတီဝင်များထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ဘီးလင်းမြို့နယ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ငွေကျပ်သိန်း ၃၀၀ ရရှိသည့် ကျေးရွာခြောက်ရွာ၊ ငွေကျပ်သိန်း ၂၀၀ ရရှိသည့် ကျေးရွာငါးရွာ၊ ငွေကျပ်သိန်း ၁၀၀ ရရှိသည့် ကျေးရွာခုနစ်ရွာ၊ စုစုပေါင်းကျေးရွာ ၁၈ ရွာတွင် ငွေကျပ်သိန်းပေါင်း ၃၅၀၀ဖြင့် ချေးငွေထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ကွက်ငယ်တောင်သူများနှင့် စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော သွင်းအားစုများရရှိရန် ရည်ရွယ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကရင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများကို ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်အရ အကျိုးခံစားခွင့်များ ထောက်ပံ့ပေးအပ်

**မြိုင်ကြီးငူ ဩဂုတ် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း က မြိုင်ကြီးငူအထူးဒေသ၌ တိုက်ပွဲရှောင် ပြည်သူများကို အားပေးခြင်းနှင့် COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် အကျိုးခံစားခွင့်များ ထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြိုင်ကြီးငူ အထူးဒေသရှိ နန်းဦးဘေးမဲ့တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရှင်ဥာဏ္ဏိတအား ဖူးမြော်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။




### ပြည်တွင်းငြိမ်းချမ်းရေးအလေးထား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုက်ပွဲရှောင်စခန်း၌ တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံကာ ယခုအစိုးရ တာဝန်ယူချိန်မှစ၍ ပြည်သူများ၏ လိုအပ်ချက်များ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ရေတိုအကျိုးအတွက် လတ်တလော ထောက်ပံ့မှုများအပြင် ရေရှည်အကျိုးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဘေးကင်းလုံခြုံမှုရှိရန်၊ ဂုဏ်သိက္ခာရှိရန်နှင့် အမှီအခိုကင်းစွာ ပြန်လည်ရပ်တည်နိုင်ရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကရင်ပြည်နယ်ရှိ တိုက်ပွဲရှောင်စခန်း နှစ်ခုကိုလည်း မဟာဗျူဟာအတိုင်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယခု ကရင်ပြည်နယ်ရှိ တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများတွင် မျိုးဆက်သစ် ကလေးငယ်များရှိပါကြောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းကမွေးဖွားသော ကလေးအသက် နှစ်နှစ်အထိ ငွေကြေးထောက်ပံ့ခြင်း(MCCT) နှင့် ပညာပေးအစီအစဉ်တွင် ကရင်ပြည်နယ်လည်း အပါအဝင်ဖြစ်ပါကြောင်း။

အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင်ထောက်ပံ့ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အစိုးရက ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူများ၏ စားဝတ်နေရေးနှင့် စီးပွားရေးအခက်အခဲများ လျော့နည်းသက်သာစေရန် COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) ဖြင့် ဆောင်ရွက်လျက်ရှိရာ မသန်စွမ်းသူများ၊ အသက် ၈၀ နှစ်မှ ၈၅ နှစ်အကြားရှိသည့် ဘိုးဘွားများအား တစ်ကြိမ်ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် CERP အစီအစဉ်အရ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက တိုက်ပွဲရှောင်အိမ်ထောင်စုများအား စားနပ်ရိက္ခာများ ဝယ်ယူရန် ထောက်ပံ့ပေးမည် ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများသည် ပြည်သူ့ဘဏ္ဍာငွေဖြစ်ကြောင်း၊ အကန့်အသတ်ဖြင့်ရရှိသည့် ဘဏ္ဍာငွေကို အလေအလွင့်မရှိအောင် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ရာ အကျိုးရှိရှိ အသုံးချတတ်ရန်လိုကြောင်း၊ ယခုလို လိုအပ်သည့်အချိန်တိုင်းတွင် ပြည်သူများအတွက် ငွေကြေးထောက်ပံ့မှုများ၊ လျှပ်စစ်၊ လမ်း၊ တံတားတည်ဆောက်ပေးမှုလုပ်ငန်းများသည် ထင်သာမြင်သာသော တိုးတက်မှုများဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍများကိုလည်း ရေရှည်စီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ အကျိုးခံစားရရှိမှုများကို အချိန်နှင့်အမျှ တိုးတက်ခံစားလာရမည်ဖြစ်ကြောင်း ပြောကြားသည်။

### အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေး

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် က အစိုးရအနေဖြင့် ထောက်ပံ့မှုများသာမက အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထောက်ပံ့မှုများကို ပြည်သူ့လက်ဝယ်ရောက်ရှိအောင် ပြည်နယ်အစိုးရနှင့် တာဝန်ရှိဌာနဆိုင်ရာများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး လက်ခံရရှိသည့် အခြေအနေများကို တိုက်ပွဲရှောင်ပြည်သူများအား မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် CERP စီမံချက်အရ ကရင်ပြည်နယ်ရှိ မသန်စွမ်းသူ ၆၉၃၈ ဦးအတွက် စုစုပေါင်းငွေကျပ် ၂၀၈၁၄၀၀၀၀၊ တိုက်ပွဲရှောင်မိသားစုများ စားနပ်ရိက္ခာဝယ်ယူရန် အိမ်ထောင်စု ၇၂၄ စုအတွက် စုစုပေါင်းငွေကျပ် ၂၈၉၆၀၀၀၀ **(အပေါ်ဝဲပုံ)**၊ လူမှုဝန်ထမ်းဦးစီးဌာနက တိုက်ပွဲရှောင်စခန်း နှစ်ခုအတွင်းရှိ ဘိုးဘွား ၂၄၆ ဦးအတွက် စုစုပေါင်းငွေကျပ် ၇၃၈၀၀၀၀၊ တိုက်ပွဲရှောင် စခန်းများရှိ ပြည်သူများအတွက် ကိုဗစ်-၁၉ ကာကွယ် ရေးအတွက် လက်ဆေးဆပ်ပြာထောင့်များနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် လိုအပ်သောထုံးအိတ်များကို တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများထံသို့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

✻*ကျောဖုံးမှ*

လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ခိုင်တို့က လက်ခံရယူသည်။

လှူဒါန်းမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက "ကိုဗစ်-၁၉ ရောဂါဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖြစ်ပွားနေတာပါ။ မြန်မာနိုင်ငံအနေနဲ့ အဲဒီရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်တာကို တွေ့ရပါတယ်။ အဲဒီအပေါ်ကို ဂျပန်အစိုးရအနေနဲ့လည်း ချီးကျူးလေးစားနေပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာလည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့သူတွေရှိတဲ့အတွက် ဆေးဝါးကဏ္ဍနဲ့ ပတ်သက်ပြီး အခုလို ထောက်ပံ့ကူညီရခြင်းဖြစ်ပါတယ်။ ဒီနေ့ရောက်ရှိလာတာကတော့ ဂျပန်နိုင်ငံက ထုတ်လုပ်တဲ့ဆေးဝါးနဲ့ အထောက်အကူပြုပစ္စည်းတွေပါ။ ဆက်လက်ပြီးတော့ အခုလို ဆေးဘက်ဆိုင်ရာပစ္စည်းတွေ ရောက်ရှိလာဦးမှာ ဖြစ်ပါတယ်" ဟုပြောသည်။

ယနေ့ လှူဒါန်းမှုမှာ ဂျပန်ယန်း ၉ ဒသမ ၃ မီလီယံတန်ဖိုးရှိ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ အစိုးရထံသို့ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစီမံချက်အဖြစ် ဂျပန်ယန်း ၂ ဘီလီယံ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် လိုအပ်သော ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ကူညီမှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပထမဆုံးအကြိမ် ရောက်ရှိလာခြင်း ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက "ဒီနေ့ ထောက်ပံ့တဲ့ ပစ္စည်းတွေထဲမှာ ICU မှာသုံးတဲ့၊ အမျိုးအစားကောင်းတဲ့ ခုတင်တွေ၊ ချွဲစုပ်စက် စတဲ့ပစ္စည်းတွေ ပါဝင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်နေပြီဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံတွေမှာ တွေ့ကြုံနေကြရတဲ့ ဒုတိယလှိုင်းဆိုတာမျိုးကို ပြင်ဆင်တဲ့အနေအထားပဲဖြစ်ဖြစ် မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းမှာ လိုအပ်နေတဲ့ပစ္စည်းတွေကို အခုလို ထောက်ပံ့ကူညီတဲ့အတွက် ဂျပန်နိုင်ငံ အစိုးရနဲ့ပြည်သူတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်'' ဟု ပြောကြားသည်။

အလားတူ ဂျပန်နိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီအချိန် ကာလတွင် တုပ်ကွေးရောဂါ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တုပ်ကွေးရောဂါ ရှာဖွေရေးနှင့် အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ကိုဗစ်-၁၉ ရောဂါပိုးရှာဖွေနိုင်ရေးအတွက် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်း၊ ဓာတ်ခွဲရှာဖွေမှုပြုလုပ်ရာတွင် အဓိကလိုအပ်သည့် ဆေးရည်များရရှိရေးနှင့် ကိုဗစ်-၁၉ ရောဂါရှာဖွေရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ ထို့အပြင် JICA အနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ဆောင်ရွက်ရေးအတွက် ကူညီမှုများ ပြုလုပ်ပေးခဲ့ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ခိုင်ထံမှ သိရသည်။

**ဇော်ကြီး**

---

# ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၄ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဩဂုတ် ၁၅**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဩဂုတ် ၁၄ ရက် ညနေ ၆ နာရီက ငါးဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ကိုးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄ ဦး ထပ်မံ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၄ ဦးတို့မှာ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ခြောက်ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်မှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ နှစ်ဦး၊ နေပြည်တော် တပ်ကုန်းမြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နယ်မှ တစ်ဦး၊ လောက်ကိုင်မြို့နယ်မှ တစ်ဦးနှင့် ကွမ်းလုံမြို့နယ်မှ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်း ကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၀၄၆ ဦးနှင့် အမျိုးသမီး ၆၄၂၉ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၄၄၇၅ ဦးကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

---

# ကိုဗစ် - ၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေး စီမံချက်အရ မွေးမြူရေးသင်တန်းဖွင့်

**မလှိုင် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကိုဗစ် - ၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေး စီမံချက်အရ ဝက်မွေးမြူရေးသင်တန်း ပို့ချဖွင့်လှစ်သည်။

"ယခု ကိုဗစ်-၁၉ ကာလမှာ စီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ဖို့ဆိုပြီး နိုင်ငံတော်က ချက်မှတ်ထားတဲ့ CERP အစီအစဉ်ဆိုတာ ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ဌာနကနေ မွေးမြူရေးသင်တန်းတွေ ပို့ချခြင်းဖြစ်တယ်။ သင်တန်းကြီးခြောက်မျိုးပေးပါတယ်။သင်တန်းတစ်မျိုးကို ငါးကြိမ်၊ ဇူလိုင် ၆ ရက်ကနေ စက်တင်ဘာ ၁၅ ရက်ထိ သင်တန်းပေါင်း အကြိမ် ၃၀ ပို့ချပေးမှာ ဖြစ်ပါတယ်။ အခုလောလောဆယ် သင်တန်းကြီးခြောက်မျိုးက မလှိုင်မြို့မှာ တိရစ္ဆာန်စောင့်ရှောက်မှုသင်တန်း ငါးကြိမ်၊ မေထုန်မဲ့သားစပ်သင်တန်း ငါးကြိမ်၊ နွားမွေးမြူထုတ်လုပ်မှု သင်တန်း ငါးကြိမ်၊ သိုး၊ ဆိတ် မွေးမြူထုတ်လုပ်မှု သင်တန်း ငါးကြိမ်၊ ဝက်မွေးမြူထုတ်လုပ်မှုသင်တန်း တစ်ကြိမ်၊ ကြက်မွေးမြူထုတ်လုပ်မှု သင်တန်းတစ်ကြိမ် စုစုပေါင်း ၂၂ ကြိမ် ဆောင်ရွက်ပြီးဖြစ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးကိုက ပြောသည်။

အဆိုပါ သင်တန်းများ ပို့ချရာတွင် နွားမွေးမြူရေးများပြားသောနေရာများတွင် နွား၊ သိုး၊ ဆိတ်မွေးမြူရေး၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက် မွေးမြူရေးများပြားသောနေရာများတွင် ကြက်၊ ဝက် အစရှိသဖြင့် မွေးမြူထုတ်လုပ်ရေးသင်တန်းများကို ကျေးရွာအုပ်စုများအတွင်း လှည့်လည်ပို့ချပေးခြင်း ဖြစ်ကြောင်းနှင့် သင်တန်းတစ်ကြိမ်လျှင် လူဦးရေ ၂၀ နှုန်းဖြင့် သင်တန်းအကြိမ် ၃၀ တွင် သင်တန်းသား ၆၀၀ ကို ပို့ချပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**ဘိုဘို(မလှိုင်)**

---

✻*ကျောဖုံးမှ*

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရသည်။

**သတင်းစဉ်**

# ဆာရိုနာရနှင့် ဂျပန်ခရီးသွားဆောင်းပါးများ စုစည်းမှု စာအုပ်

**နေပြည်တော် ဩဂုတ် ၁၅**

အောင်အောင် (IR) ရေးသားသော ‘ဆာရိုနာရနှင့် ဂျပန်ခရီးသွားဆောင်းပါးများ စုစည်းမှု စာအုပ်’ ကို ငြိမ်းချမ်းရေး စာပေမှ ထုတ်ဝေလိုက်သည်။

ယခုထုတ်ဝေလိုက်သော ‘ဆာရိုနာရနှင့် ဂျပန်ခရီးသွားဆောင်းပါးများ စုစည်းမှုစာအုပ်’ တွင် စာရေးသူ ဂျပန်နိုင်ငံတွင် ဧည့်သုတေသီအဖြစ် ခြောက်လကြာ (၀၁ အောက်တိုဘာလ ၂၀၁၉ - ၂၈ မတ်လ ၂၀၂၀) တာဝန်ထမ်းဆောင်ခဲ့စဉ် မြန်မာသတင်းစာ၊ ဂျာနယ်များတွင် ရေးသားခဲ့သော ဂျပန်အတွေ့အကြုံ ဆောင်းပါး ၈၄ ပုဒ်ကို တစုတစည်းတည်း စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။ စာရေးသူ၏ ကိုးအုပ်မြောက်ဆောင်းပါးများ စုစည်းမှုစာအုပ်လည်း ဖြစ်သည်။




စာအုပ်တွင် ခရီးသွားဆောင်းပါးများသာမက ဂျပန်နိုင်ငံ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးတို့အပြင် ဂျပန်ပညာသင်အခွင့်အလမ်းများ၊ နိုင်ငံတကာဆက်ဆံရေး သဘောသဘာဝနှင့် စာရေးသူ၏ ဂျပန်နိုင်ငံအပေါ် လေ့လာသုံးသပ်ချက်များကို ဖတ်ရှုရမည်ဖြစ်သည်။ ရောင်းဈေး ငွေကျပ် ၁၂၀၀၀ ဖြစ်သည်။ စာအုပ်များကို ရန်ကုန် မြို့ ပန်းဆိုးတန်းလမ်းနှင့် လှည်းတန်းဦးထွန်းလင်း ခြံလမ်းရှိ စာအုပ်ဆိုင်များနှင့် မန္တလေးမြို့ စိတ်ကူးချိုချို စာပေ၊ နဂါးစာပေ၊ ထွန်းဦးစာပေ တို့တွင် ဝယ်ယူရရှိနိုင်သည်။ အခြား မြို့၊ ရွာများမှ စာအုပ်မှာယူလိုပါက Wun Zinn to Home ဖုန်း-၀၉ ၂၅၀ ၁၄၄ ၉၄၁ နှင့် WE Distribution ဖုန်း-၀၉ ၂၅၀ ၀၉၁ ၉၁၃ တို့တွင် အွန်လိုင်းမှ တစ်ဆင့် အိမ်အရောက်ပို့စနစ်ဖြင့်မှာယူနိုင်သည်။

သတင်းစဉ်

# ရမ်းဗြဲမြို့နယ်၌ ကျေးရွာလေးရွာလျှပ်စစ်မီး ၂၄ နာရီထပ်မံရရှိ

**ရမ်းဗြဲ ဩဂုတ် ၁၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရမ်းဗြဲမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက တာဝန် ယူ ဆောင်ရွက်ခဲ့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ် အစိုးရ ရန်ပုံငွေဖြင့် ရမ်းဗြဲမြို့နယ်အတွင်း လျှပ်စစ်လုပ်ငန်း တည်ဆောက်ခဲ့သော ကျေးရွာ ၁၀ ရွာ အနက်မှ ကျေးရွာလေးရွာကို ယမန်နေ့မှစပြီး လျှပ်စစ်မီးပို့လွှတ်ပြီးဖြစ်ရာ ခေါင်းဆွဲတောင်ကျေးရွာ ၊ ဓမ္မပါလရွာ၊ ခမောင်းဖြိန်ရွာ၊ ပုန်းဆိုးပြင်ရွာတို့ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ထိုလျှပ်စစ်မီးရရှိပြီး ကျေးရွာများသို့ ကျောက်ဖြူခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းစိုး ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစည်သူအောင်တို့က ရွာသူ ရွာသားများနှင့်တွေ့ဆုံ၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးဟောပြောပွဲအပါအဝင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် လက်ကမ်းစာစောင်များကို လူထုထံလက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးလျက်ရှိကာ လျှပ်စစ်ပို့လွှတ်ပေးရန် ကျန်ရှိသော ကျေးရွာများသို့ ကွင်းဆင်း၍ လျှပ်စစ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)




# လူမှုကူညီကယ်ဆယ်ရေးစေတနာ့ဝန်ထမ်းနှစ်ထောင်ကျော်ကို ဆင့်ပွားသင်တန်းပေးမည်

**ရန်ကုန် ဩဂုတ် ၁၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့က ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အလိုက် လူမှုကူညီကယ်ဆယ်ရေးစေတနာ့ဝန်ထမ်းနှစ်ထောင်ကျော်ကို မေ ၁၄ ရက်မှစ၍ အပတ်စဉ်တစ်ခုလျှင် လူ ၃၀ ဖြင့် နံနက်ပိုင်းနှင့် ညပိုင်း သင်တန်းနှစ်ခုခွဲပြီး ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနရုံးတွင် ဆင့်ပွားသင်တန်းများ ပေးလျက်ရှိသည်။

“ကိုဗစ်-၁၉ ဖြစ်ပွားပြီးနောက် မြို့နယ်အလိုက် စေတနာ့ဝန်ထမ်းတွေ စနစ်တကျကူညီပေးနိုင်ဖို့အတွက် ဆင့်ပွားသင်တန်းတွေကိုပေးဖို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းက ဆရာဝန်တွေကို ဆရာဖြစ်သင်တန်းပေးပြီး တစ်နေ့ကို ဆရာဝန်သုံးဦးက လာသင်ပေးပါတယ်။ လူနာတင်ယာဉ်တွေနဲ့ လူမှုကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များမှ Quarantine စင်တာနဲ့ လေဆိပ်ကြိုပို့လုပ်ပေးရတဲ့စေတနာ့ဝန်ထမ်းအဖွဲ့တွေကို မေလနဲ့ဇွန်လမှာ ၄၇ ကြိမ်မှာ လူ ၁၅၃၅ ဦးကို သင်တန်းပေးပြီးပါပြီ။ ခရိုင်ငါးခုလုံးမှ လူနာတင်ယာဉ်အဖွဲ့တွေကို ၁၆ ကြိမ်မှာ လူ ၅၀၀ နီးပါးအထိ သင်တန်းဆက်လက်ပေးသွားပါမယ်။ စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲစာအုပ်တွေပါ ပေးပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ပြောသည်။

**သန့်ဇင်ဝင်း**

## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၅၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၉၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၀/၅၉၀ ကျပ် | ၅၈၀/၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၀/၆၀၅ ကျပ် | ၅၉၀/၆၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၅၀၀/၅၄၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၅၅ ကျပ် | ၆၈၅/၇၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၀ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၀ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၅ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၃ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၇၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၇၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၅၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၁၃၆၁ | ၁၃၆၁၅၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၅၈၇၈ | ၂၂၀၄၂၅၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅ | ၄၀၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၉ | ၁၉၈၀၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၂၁၈၄ | ၅၉၀၂၀၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁၈၅၆ | ၅၅၂၈၃၅၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm












ကာတွန်းကိုမိုး
သားပု
ဟေး ..မိုးပေါ်ပျံနိုင်ပြီကွ...

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# မိုးရာသီမှာ ကျန်းမာရေးကို ဂရုစိုက်ပါ

ကေ - ဂျူဝယ်လ်

**ကလေးတို့ မိုးအေးအေးနဲ့ အိမ်မှာပဲပျင်းနေကြတာလား။ မိုးရာသီဆိုတော့ ကလေးတို့ရဲ့ ကျန်းမာရေးကို အထူးဂရုစိုက်ကြရမယ့်အချိန်ပဲနော်။ မိုးရာသီမှာ စိုစွတ်တာမို့ ကူးစက်ရောဂါတွေနဲ့ အသက်အန္တရာယ်ရှိတဲ့ သွေးလွန်တုပ်ကွေးရောဂါ၊ နမိုးနီးယားနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေလည်း ဖြစ်တတ်ပါတယ် ကလေးတို့ရေ။**

မမက ဒီတစ်ပတ်မှာ ကလေးတို့ကို မိုးရာသီအတွင်း ဖြစ်တတ်တဲ့ရောဂါတွေနဲ့ ဆင်ခြင်ရမယ့် အရာလေးတွေကို မျှဝေချင်ပါတယ်။ ဒါမှ ကိုဗစ်-၁၉ ရောဂါကြီး ထိန်းချုပ်နိုင်ပြီး ကလေးတို့ကျောင်းတွေ ပြန်တက်ကြရမယ့်အခါ ကျန်းကျန်းမာမာနဲ့ ကျောင်းကိုတက်နိုင်မှာပေါ့။

**တစ်ကိုယ်ရေသန့်ရှင်းပါစေ**

မိုးရာသီမှ မဟုတ်ပါဘူးနော်။ တစ်နှစ်ပတ်လုံးမှာ တစ်ကိုယ်ရေသန့်ရှင်းနေဖို့က အလွန်အရေးကြီးတာပဲလေ။ ကလေးတို့က သွားတိုက်တာ၊ မျက်နှာသစ်တာ၊ လက်နဲ့ ခြေထောက်တွေကို သန့်ရှင်းရေးလုပ်ဆောင်တာ၊ မစင်စွန့်တဲ့အခါ၊ ဆီးသွားတဲ့အခါ သန့်ရှင်းအောင် ဆေးကြောတာတွေနဲ့ သန့်ရှင်းပြီး လေဝင်လေထွက်ကောင်းတဲ့ ပေါ့ပေါ့ပါးပါးချည်ထည်တွေကို ဝတ်ဆင်ထားခြင်းတွေကနေ ကလေးတို့ကျန်းမာရေးကို အများကြီးအထောက်အကူပြုနိုင်တာမို့ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ကြပါလို့ မမက သတိပေးပါရစေနော်။ တစ်ကိုယ်ရေသန့်ရှင်းနေတဲ့အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ယားနာဖြစ်ပွားမှုနဲ့ သွေးလွန်တုပ်ကွေးလိုမျိုး ကလေးတွေကို အန္တရာယ်ပြုတဲ့ ရောဂါတွေကိုလည်း ကာကွယ်ပေးနိုင်ပါတယ်နော်။

**ခြင်မကိုက်စေနဲ့**

ကလေးတို့အိမ်မှာ ကလေးတို့ကို ခြင်အန္တရာယ်ကနေ ကင်းဝေးအောင် လူကြီးတွေက လုပ်ပေးကြရတယ်မဟုတ်လား။ ခြင်တွေမှာ အသက်ကိုအန္တရာယ်ပေးနိုင်တဲ့ ရောဂါတွေကို သယ်ဆောင်နိုင်တဲ့အစွမ်းရှိသတဲ့။ သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်တဲ့ အေဒီးစ်ခြင်တွေ ကလေးတို့ကို လာကိုက်မယ်ဆိုရင် သွေးလွန်တုပ်ကွေးရောဂါပိုးက ကလေးတို့ကိုယ်ခန္ဓာထဲကို ဝင်လာပြီး ဖျားနာတာ၊ ချောင်းဆိုးပြီး အသက်ရှူကျပ်တာတွေနဲ့ သွေးဝမ်းသွားတာတွေဖြစ်တတ်ပြီး နောက်ဆုံး အသက်ပါသေဆုံးတဲ့အထိ ဒုက္ခပေးနိုင်တယ်။ အဲဒီလိုပဲ ငှက်ဖျားရောဂါဆိုတာကလည်း မိုးဦးရာသီမှာအဖြစ်များပြီး ခြင်ကနေတစ်ဆင့် ကူးစက်နိုင်တာပေါ့။ ငှက်ဖျားရောဂါ ဖြစ်ပြီဆိုရင် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းကြသလို အသက်ရှူကျပ်တာမျိုး၊ သွေးဆိပ်တက်တာမျိုးတွေလည်း ဖြစ်တတ်သတဲ့ အပြင်းထန်ဆုံးကတော့ အသက်သေဆုံးတာပေါ့ကွယ်။



**အစာကြေညက်အောင်စား**

မိုးရာသီမှာ ကလေးတို့ရဲ့ အစာချေစနစ်ကလည်း နှေးကွေးနေတတ်တာပေါ့။ တိုက်ဖွိုက်ဆိုတဲ့ ရောဂါဟာ ရေနဲ့ အစားအစာမသန့်ရှင်းမှုတွေကနေဖြစ်ပြီး ကလေးတွေ မိုးရာသီမှာ အများဆုံးဖြစ်တဲ့ရောဂါပေါ့ကွယ်။ ဒါကြောင့် ကိုယ်ခံအားကောင်းပြီး အာဟာရပြည့်ဝတဲ့ အစားအစာတွေကို စားသုံးပေးဖို့လိုအပ်သလို ဗီတာမင်စီ စားသုံးတာ၊ အိပ်ရေးဝဝအိပ်တာမျိုးတွေကိုလည်း လုပ်ဆောင်သင့်တယ်နော်။

## လောကဝတ် (Etiquette)

# မိုးထဲလေထဲက လောကဝတ်ကလေးတွေ

မမမေ

မင်္ဂလာပါ ကလေးလေးတို့ရေ၊ မိုးရာသီမှာ လိုက်နာရမယ့် ကျင့်ဝတ်ကလေးတွေကို The Daily Californian ဆိုတဲ့ သတင်းစာကနေ ကလေးတို့အတွက် ရေးသားထားတာလေးကို မမက ဒီတစ်ပတ်မှာ မျှဝေပေးလိုပါတယ်။ မိုးရွာတာကို ကြိုက်ကြတဲ့ ကလေးလေးတွေရှိသလို မိုးရွာတာကို စိုစိုစွတ်စွတ်မို့ လုံးဝမကြိုက်တဲ့ကလေးတွေလည်း ရှိတယ်။ ကလေးတို့ကရော ဘယ်လိုရာသီဥတုမျိုးကို ကြိုက်သလဲမသိဘူးနော်။

လမ်းကျဉ်းကျဉ်းလေးထဲမှာ ကလေးတို့က ထီးကလေးနဲ့ လမ်းလျှောက်လာတယ်ဆိုပါစို့နော်။ မျက်နှာချင်းဆိုင်ကနေ အခြားကလေးတစ်ယောက်ကလည်း ထီးကလေးနဲ့ လမ်းလျှောက်လာပြီး ထိပ်တိုက်တွေ့ကြမယ်ဆိုရင် ကလေးတို့က ဘာလုပ်သင့်သလဲတဲ့။ အကောင်းဆုံးအဖြေကတော့ ကလေးတို့ ထီးကလေးကို နည်းနည်းလေးပိတ်ပြီး သူ့ကိုပဲ လမ်းဖယ်ပေးလိုက်ပါတဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ အခြားသူတစ်ဦးကို သက်သောင့်သက်သာဖြစ်အောင် ကူညီပေးလိုက်ခြင်းက အလွန်ကိုကောင်းမွန်တဲ့အလုပ်ဖြစ်လို့ပါတဲ့။ အကယ်၍ ကလေးတို့ကလည်း ထီးမပိတ်ပေး၊ တစ်ဖက်ကလည်း ထီးမပိတ်ပေးခဲ့ဘူးဆိုရင် စကားများရန်ဖြစ်ပြီး နှစ်ဦးစလုံး မိုးစိုကုန်မှာပဲ ဆိုတော့ ကလေးတို့က အလျှော့ပေးလိုက်ပါနော်။ အဲဒီလိုပါပဲ မိုးရွာထဲမှာ ကလေးတို့ ထီးဆောင်းသွားတဲ့အခါ သူများကို လမ်းကြုံခေါ်သွားတာမျိုး ကြုံဖူးလား။ ကိုယ်တစ်ယောက်တည်း ထီးဆောင်းမယ့်အစား ထီးမပါတဲ့ သူငယ်ချင်းကို ခေါ်သွားပေးတာကလည်း ကောင်းတဲ့ လောကဝတ်တွေပေါ့ကွယ်။




အဲဒီလိုပါပဲကလေးတို့တွေဟာ ရေအိုင်ငယ်လေးတွေတွေ့ရင် တဝုန်းဝုန်းနဲ့ ခုန်ချင်တာပဲ။ မမတို့ငယ်ငယ်ကလည်း အဲဒီလို ခုန်ပေါက်ဆော့ကစားခဲ့တာပဲ။ ဒါပေမယ့် ရေအိုင်ငယ်လေးတွေကနေ မခုန်ပေါက်ခင်မှာ ဘေးကို ကြည့်သင့်တယ်တဲ့။ ကလေးတို့ ခုန်ပေါက်ရေကစားမှုကြောင့် ဘေးလူတွေရဲ့ အဝတ်အစားတွေစိုကုန်တာ၊ အစားအသောက်တွေ ပေကျံကုန်တာဆိုရင် ကလေးတို့မှာ တာဝန်ရှိတာမို့ ဆင်ခြင်သင့်ပါတယ်နော်။ ထီးတွေနဲ့ မိုးကာအင်္ကျီတွေ နံနေပြီလား ဆိုတာကို အမြဲသတိထားဖို့ လိုပါတယ် ကလေးတို့ရေ၊ မိုးစိုထားတဲ့ မိုးကာတွေနဲ့ ထီးတွေဟာ နေပူလာတဲ့အခါ ထုတ်လှန်းပြီး သေသေချာချာ သိမ်းထားမှသာ နောက်တစ်ခါ မိုးရွာတဲ့အခါ အနံ့ဆိုးတွေမရှိဘဲ မွှေးပျံ့နေမှာမို့ ဂရုစိုက်ပေးပါဦးနော်။


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/ 6658 Honda Fit GE6 Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေရီသန်း ၉/မကန(နိုင်)၀၇၈၉၃၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/9481 (Mitsubishi Dion) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစောမှူ ၁၃/တကန(နိုင်)၀၂၅၈၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) အလက(၂)၊ လွိုင်လင်မြို့မှ အထက်တန်းကျောင်းအုပ် ဒေါ်နွဲ့နွဲ့နှင့် ဒေါ်နွဲ့နွဲ့ (ခ) ချန္ဒရားမာယား ၁၃/လလန(နိုင်)၀၄၅၄၆၆သည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် ၎င်း၏ဖခင် ဦးနားရ်ဗဟာဒူး(ခ)ဦးနာ(ရ်)ဗဟာဒူးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7621 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဟဲဟိုးမြို့၊ ရပ်ကွက်(၂)၊ အလယ်ပိုင်း(၁)၊ အမှတ် ၅၃နေ ဦးခင်မောင်ထွေး-ဒေါ်နန်းညွန့် တို့၏သား မောင်အောင်အောင် ၁၃/ကလန(နိုင်)၀၆၀၄၂၄သည် မိဘဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**ဦးခင်မောင်ထွေး- ဒေါ်နန်းညွန့်**

### လင်မယားကွာရှင်းပြတ်စဲခြင်း

